ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 January 2018 ၉၁၇၉

# ငြိမ်းချမ်းရေးရဖို့အတွက် တစ်ဆင့်ပြီးတစ်ဆင့်သွားရသလို အဆင့်တိုင်းအဆင့်တိုင်းဟာ အင်မတန်မှ တန်ဖိုးရှိကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၃

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံပွဲများအပြီးတွင် သတင်းထုတ်ပြန်ချက် ထုတ်ပြန်သည့် အခမ်းအနားကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်သစ်ပါတီ(NMSP) အထွေထွေ အတွင်းရေးမှူး နိုင်အောင်မင်းက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဝမ်းမြောက်ကြောင်း ပြောကြားရာတွင် "ကျွန်မအနေနဲ့ ယနေ့ မွန်ပြည်သစ်ပါတီနဲ့ ကျွန်မတို့ရဲ့ လားဟူတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကို ကြိုဆိုနိုင်တဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးရဖို့အတွက်ဆိုရင် တစ်ဆင့်ပြီးတစ်ဆင့် သွားရပါတယ်။ အဆင့်တိုင်းအဆင့်တိုင်းဟာ ကျွန်မတို့အတွက် အင်မတန်မှ တန်ဖိုးရှိပါတယ်။

ဒီလိုကျွန်မတို့ရဲ့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်၊ ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းမှုရရှိရေးအတွက် ငြိမ်းချမ်းမှုကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကူညီပေးတဲ့ကျွန်မတို့ရဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မွန်တိုင်းရင်းသားများ၊ လားဟူတိုင်းရင်းသားများကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



သတင်းထုတ်ပြန်ချက် ထုတ်ပြန်သည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝမ်းမြောက်စကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်
စာမျက်နှာ » ၃

မင်းဘူး(စကု)မြို့နယ်အတွင်း သိမ်းဆည်းမြေများနှင့် ပတ်သက်၍ လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်
စာမျက်နှာ » ၅

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး
စာမျက်နှာ » ၅

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၊ မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးမှ ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်၊ ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းမှုရရှိရေးအတွက် ငြိမ်းချမ်းမှုကိုအခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကူညီပေးတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မွန်တိုင်းရင်းသားများ၊ လားဟူတိုင်းရင်းသားများကို အင်မတန်မှ ကျေးဇူးတင်ပါတယ်**

☆ **ရှေ့ဖုံးမှ**

ဒါဟာ ကျွန်မတို့အတွက်တင် လုပ်နေတာ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ နောင်လာနောက်သားများအားလုံးအတွက် လှမ်းနေတဲ့ခြေလှမ်းတွေလို့ ယုံကြည်ပါတယ်။ ဒါကြောင့် အခု ကျွန်မတို့နဲ့အတူ ပြည်ထောင်စုသားအားလုံးကလည်း ဝမ်းမြောက်လိမ့်မယ်၊ ဂုဏ်ယူလိမ့်မယ်၊ ကျွန်မတို့ရဲ့ နိုင်ငံအတွက် ကူညီပံ့ပိုးမှုကို ကျေးဇူးတင်ကြလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီမှ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့်အတူ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ စစ်ဦးစီးချုပ် နိုင်လယီကကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ဝင်းလှနှင့် နိုင်ဗညားလယ်၊ ဗဟိုကော်မတီအဖွဲ့ဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးမှ ဥက္ကဋ္ဌ ကြာခွန်ဆာနှင့်အတူ ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်နှင့် အဖွဲ့ဝင် ကြာရှဲဘိုတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လားဟူဒီမိုကရက်တစ်အစည်းအရုံးမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည် -

## သတင်းထုတ်ပြန်ချက်

မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ထောမွန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် နေပြည်တော်၌ ယနေ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ထိုသို့ တွေ့ဆုံရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးမှုများအရ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့အနေဖြင့် မကြာခင် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မွန်ပြည်သစ်ပါတီ | လားဟူဒီမိုကရက်တစ်အစည်းအရုံး

၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်
နေပြည်တော်

# ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သော ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်းဆင့်ပွားသင်တန်းကို ဇန်နဝါရီလ ဒုတိယပတ်က ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ကျေးရွာအုပ်စု တာဦးကျေးရွာ၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ဒုတိယဦးစီးမှူး ဒေါ်ခင်သွယ်ဦးနှင့် အကြီးတန်းစာရေး ဒေါ်ယုသန္တာဝင်းတို့က ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းသို့ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော တာဦး၊ ဆာဆေး၊ ပြည်ကိုယ်တော်ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစနစ် အခင်းအကျင်းပြောင်းလဲရေး အတွင်းရေးမှူးချုပ် အန်သော်နျိုး ဂူးတဲရက်ရှ်တိုက်တွန်း



**ကုလသမဂ္ဂ ဇန်နဝါရီ ၂၃**
၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အစီအစဉ်အရ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်ရေးစနစ်ကို ပြန်လည်၍ အခင်းအကျင်းပြောင်းလဲနိုင်ရေး အတွက် နည်းလမ်းကောင်းများရှာဖွေကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျိုး ဂူးတဲရက်ရှ်က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၃၀ ပြည့်နှစ် အစီအစဉ်သည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အကျိုးအတွက် အရဲရင့်ဆုံး ဆောင်ရွက်ချက်အဖြစ် အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ တရားမျှတသော ကမ္ဘာလွှမ်းခြုံစနစ်ကိုလည်း ယင်းအစီအစဉ်က ကိုယ်စားပြုကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ရည်မှန်းချက်များပေါက်မြောက်ရေး၊ ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေးဆိုင်ရာ ပါရီသဘောတူညီချက်၏ ကတိကဝတ်များ ပြည့်ဝလာရေးတို့အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် လုပ်ရိုးလုပ်စဉ် သမားရိုးကျသွားနေ၍ ဖြစ်နိုင်မည်မဟုတ်ကြောင်း ဂူးတဲရက်ရှ်က ဇန်နဝါရီ ၂၂ ရက်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစနစ် ပြန်လည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်သော အခမ်းအနားတွင် ပြောကြားသည်။ **(ယာပုံ)**

လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီးတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးစနစ်အား ဖြည်းဖြည်းနှေးနှေး ပြုပြင်ပြောင်းလဲနေ၍ အလုပ်မဖြစ်နိုင်ကြောင်း ဂူးတဲရက်ရှ်က ပြောကြားသည်။

ညှိနှိုင်းဆွေးနွေးမှုများ တိုးတက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူမှု တာဝန်ခံမှု ရှိရေး စသည့်ရည်မှန်းချက်များ ပါဝင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ခုနစ်ရပ်ကို ၎င်းက အဆိုပြုထားသည်။

ကုလသမဂ္ဂ၏နိုင်ငံအလိုက် ဖြန့်ကြက်ထားသော အစုအဖွဲ့များအား မျိုးဆက်သစ် အစုအဖွဲ့များအဖြစ် ပြောင်းလဲရေး၊ ဌာနေအခြေစိုက် ညှိနှိုင်းရေးမှူးစနစ် အားကောင်းမောင်းသန်ဖြစ်ရေး၊ ၂၀၃၀ ပြည့်နှစ်အစီအစဉ်အတွက် မိတ်ဖက်ပြု ဆောင်ရွက်ရာတွင် ချဉ်းကပ်မှုပုံစံ တိုးတက်ရေး၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းအလိုက် တုံ့ပြန်ဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရေး၊ ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည့် ရန်ပုံငွေရရှိရေးတို့မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်သည် ဆို၏။

**ဆင်ဟွာ**



# ရေအောက်အနက် ၁၁ ကီလိုမီတာအထိ ငုပ်လျှိုးနိုင်မည့် လူလိုက်ပါသောယာဉ်များ တရုတ် တည်ဆောက်မည်

**ပေကျင်း ဇန်နဝါရီ ၂၃**
၂၀၂၀ ပြည့်နှစ် ဝန်းကျင်တွင် ပင်လယ်ရေအောက်အနက် ၁၁ ကီလိုမီတာအထိ ငုပ်လျှိုးနိုင်မည့် လူလိုက်ပါသော ရေနက်ငုပ်ယာဉ် နှစ်စင်းကို တရုတ်နိုင်ငံက တည်ဆောက်ပြီးစီးရန် စီစဉ်ထားကြောင်း သမုဒ္ဒရာများဆိုင်ရာ အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်တင်ထားသည့် ရေနက်ငုပ်ယာဉ် (အာရ်အိုဗွီ)၏ ပင်လယ်ရေနက်ပိုင်းလုပ်ငန်းဆောင်ရွက်မှုသည် ရေအနက် ၁၁ ကီလိုမီတာအထိ ငုပ်လျှိုးနိုင်မည်ဖြစ်ပြီး ယင်းရေယာဉ် စမ်းသပ်ငုပ်လျှိုးပြီးပါက လုပ်ငန်းတာဝန်များ ထမ်းဆောင်စေနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သမုဒ္ဒရာဆိုင်ရာ ဓာတ်သတ္တုရင်းမြစ်များ သုတေသနဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (စီအိုအမ်အာရ်အေ)၏ ညွှန်ကြားရေးမှူးချုပ် လျူဖန်းက ပြောကြားသည်။

တရုတ်နိုင်ငံမှ လူလိုက်ပါသည့် ရေနက်ငုပ်ယာဉ် ကျွဲ့လျောင်း **(အပေါ်ပုံ)** သည် ၂၀၁၂ ခုနှစ် ဇွန်လ အတွင်းက မာရီယာနာ သမုဒ္ဒရာချောက်အတွင်း စမ်းသပ်ငုပ်လျှိုးခဲ့ရာ ရေအနက် ၇၀၆၂ မီတာ အထိ စံချိန်တင် ငုပ်လျှိုးနိုင်ခဲ့ပြီး ယင်းရေနက်ငုပ်ယာဉ်အား ၂၀၁၈ ခုနှစ်တွင် ရေနက်ငုပ်လုပ်ငန်းများ လုပ်ဆောင်စေမည်ဖြစ်သည်။

ဟိုင်လျောင်းနှင့် ကွင်လျောင်းအမျိုးအစား လူလိုက်ပါခြင်းမရှိသည့် ရေနက်ငုပ်ယာဉ်များကို ယခုနှစ်အတွင်း တိုးတက်ကောင်းမွန်အောင် နည်းပညာဆန်းသစ်မှု ပြုလုပ်သွားမည်ဖြစ်သည်။ လူလိုက်ပါခြင်းမရှိသည့် ရေနက်ငုပ်ယာဉ်များသည် ယခင်က ထောက်ပံ့ရေးရေယာဉ်နှင့် သံမဏိကြိုးဖြင့် ချိတ်ဆက်ကာ ငုပ်လျှိုးခဲ့သည့် စနစ်မှ နောက်ပိုင်းတွင် သံမဏိကြိုးမဲ့စနစ်သို့ ပြောင်းလဲလာသည်။

ပင်လယ်သမုဒ္ဒရာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးအတွက် တရုတ်နိုင်ငံက ပင်လယ်ရေနက်ပိုင်း စူးစမ်းရှာဖွေရေး အဆင့်မြင့်နည်းပညာသုံး ကိရိယာတန်ဆာပလာ လေးမျိုးထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း လျူက ပြောကြားသည်။ **ဆင်ဟွာ**

# အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ဒေသပိတ်ပစ်ခဲ့ရမှု အဆုံးသတ်ရန် အထက်လွှတ်တော်၌ ကြိုးပမ်းနိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၃**
အမေရိကန်ပြည်ထောင်စု၏ အစိုးရအသုံးစရိတ်ဘတ်ဂျက်မူကြမ်း အတည်ပြုရေးနှင့် ပတ်သက်၍ ဒီမိုကရက်နှင့် ရီပတ်ဘလီကန် အမတ်များအကြား သဘောကွဲလွဲခဲ့ကြခြင်းကြောင့် အစိုးရယန္တရား တစ်စိတ်တစ်ဒေသ ပိတ်ပစ်ခဲ့ရမှု အဆုံးသတ်စေရန် ကွန်ဂရက်လွှတ်တော် **(အောက်ပုံ)** တွင် ဇန်နဝါရီ ၂၂ ရက်က မဲခွဲ ဆုံးဖြတ်ခဲ့ကြကြောင်း၊ ကာလတိုယာယီအသုံးစရိတ်အတွက် ရန်ပုံငွေထောက်ပံ့ပေးရေး ဥပဒေကြမ်းကို အတည်ပြုပေးလိုက်ရာ အစိုးရယန္တရား ပြန်လည် လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားမဝင် အခြေချနေထိုင်မှုနှင့် ပတ်သက်နေသည့် လူဝင်မှုကြီးကြပ်ရေးပြဿနာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် ကတိပြုသည်ဆိုသော ရီပတ်ဘလီကန်အမတ်တို့၏ ကတိကဝတ်များကို ဒီမိုကရက်အမတ်တို့က လက်ခံခဲ့ကြပြီးနောက် မဲခွဲဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

### အတည်ပြု

အောက်တိုဘာလနောက်ပိုင်း စတုတ္ထအကြိမ် ပေါ်ထွက်လာသည့် ယာယီအသုံးစရိတ်ထောက်ပံ့ရေး ရန်ပုံငွေဥပဒေကြမ်းကို ကွန်ဂရက်ရှိ အထက်နှင့်အောက်လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုပေးခဲ့ကြသည်။ သမ္မတ ဒေါ်နယ်ထရန့်က အဆိုပါ ဥပဒေကြမ်းကို ဇန်နဝါရီ ၂၂ ရက် နှောင်းပိုင်းတွင် လက်မှတ်ရေးထိုးကာ အတည်ပြုပေးခဲ့ခြင်းမှာ အထက်လွှတ်တော်အမတ် ခေါင်းဆောင်များအတွင်း ညှိနှိုင်းဆွေးနွေးမှု၏ရလဒ်ကောင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

### လည်ပတ်နိုင်

သမ္မတထရန့်က ဥပဒေကြမ်းကို အတည်ပြု လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ဇန်နဝါရီ ၂၃ ရက်တွင် အစိုးရယန္တရားကို အပြည့်အဝ ပြန်လည် လည်ပတ်နိုင်ပြီဖြစ်သည်။ ရီပတ်ဘလီကန်ဦးဆောင်သော ကွန်ဂရက် လွှတ်တော်သည် ဖေဖော်ဝါရီ ၈ ရက်တွင် ဘတ်ဂျက်ကိစ္စနှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒ ကိစ္စတို့ကို ပြန်လည် ကိုင်တွယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စရပ်နှစ်ရပ်မှာ နီးနီးစပ်စပ် နှီးနွှယ်နေသော အကြောင်းရပ်များဖြစ်ကြ ပြီး အငြင်းပွားမှုများကို ဖြစ်ပေါ်စေကြောင်း ကွန်ဂရက် သတင်းရပ်ကွက်က ပြောကြားသည်။



### ကြိုးပမ်း

အမေရိကန်ပြည်ထောင်စုသို့ မိဘများနှင့်အတူ ကလေးဘဝကတည်းကပင် တရားမဝင်ရောက်ရှိလာသူ သိန်းနှင့်ချီသောလူများအရေးနှင့် ပတ်သက်၍ ကွန်ဂရက်လွှတ်တော်၌ အချေအတင် အငြင်းပွားခဲ့ကြပြီးနောက် အစိုးရ ယန္တရားကို ပိတ်ပစ်ရမည့် အခြေအနေမှ ကျော်လွှားလွန်မြောက်နိုင်ရန် အထက်လွှတ်တော်အမတ် ခေါင်းဆောင်များက ကြိုးပမ်းခဲ့ကြသည်။ **ရိုက်တာ**

# အင်ဒိုနီးရှားတွင် အင်အားပြင်းငလျင်လှုပ် လူနေအိမ်ခြေ ဒါဇင်ပေါင်းများစွာ ပျက်စီး

ဂျကာတာ ဇန်နဝါရီ ၂၃
အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာနှင့် ဘန်တန်ပြည်နယ်တို့တွင် ဇန်နဝါရီ ၂၃ ရက်က ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင် လှုပ်ခဲ့ရာ လူနေအိမ်ခြေ ဒါဇင်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း ငလျင်ဒဏ်သင့်ဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။

### ပျက်စီး

အနောက်ဂျာဗားပြည်နယ်၌ လူနေအိမ်လေးလုံး၊ ဘန်တန်ပြည်နယ် ဆီရမ်ခရိုင်တွင် လူနေအိမ် ၁၃ လုံး မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည်ဟု အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ဘန်တန်ပြည်နယ် ယီဘတ်ခရိုင်တွင် မြေငလျင်လှုပ်မှုကြောင့် လူနေအိမ် ၁၁၆ လုံး ပျက်စီးခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

### သတင်းများ ထွက်ပေါ်

မြေငလျင်လှုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် သတင်းများ ထွက်ပေါ်ခြင်း မရှိသေးသော်လည်း ငလျင်ဒဏ်သင့်ဒေသများမှ ထိခိုက်ပျက်စီးမှု တန်ဖိုးကို တွက်ချက်နိုင်ရန် လုပ်ဆောင်နေကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၄ မိနစ်တွင် ငလျင်လှုပ်ခဲ့ပြီး ဘန်တန်ပြည်နယ်ယီဘတ်မြို့၏ အနောက်တောင်ဘက် ၈၁ ကီလိုမီတာ အကွာရှိ ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာ

# မင်းဘူး(စကု)မြို့နယ်အတွင်း သိမ်းဆည်းမြေများနှင့်ပတ်သက်၍ လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး မေးခွန်း ၆ ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၏ **တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးမဟုတ်သော အချို့သော ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က အဆင့်ဆင့်သောတရားရုံးများတွင် ဝန်ထမ်းအိမ်ရာများမရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများကို ပြောင်းရွှေ့ရာတွင် အခက်အခဲရှိမည်မဟုတ်သော်လည်း အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား အခြားမြို့နယ်ရှိ တရားရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေပါက ၎င်းတို့နေထိုင်ရေးအတွက် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် တရားရုံးအဆင့်ဆင့်ရှိ အနေကြာဝန်ထမ်းများအား သင့်တင့်သော အချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု) မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ-ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူးမှအမ်းသို့ ဖောက်လုပ်မည်ဟုဆိုကာ မြေပေါင်များဖို့ထား၍ နစ်နာခဲ့သော တောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ ပေးလျော်သွားမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ပါဝင်သွားသော သိမ်းဆည်းမြေ ၂၂၉၂ ဒသမ ၁၆ ဧကအတွက် လျော်ကြေးငွေကျပ် ၃၂၄၀ ဒသမ ၂၅ သန်းကို ကာယကံရှင်များထံ ပေးချေပြီးဖြစ်ပါကြောင်း၊ ပေးချေလျက်ရှိရာတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၅)အုပ်စုအတွက် မြေယာလျော်ကြေးပေးချေရန် ကျန်ရှိနေပြီး ၎င်းကျေးရွာများအတွက် လျော်ကြေးငွေများကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည် ဖြစ်ပါကြောင်း။

မင်းဘူး-အမ်း ရထားလမ်းဖောက်လုပ်ရာတွင် မင်းဘူး(စကု)မြို့နယ် ကျေးရွာအုပ်စု(၅)စုအတွင်း ပါဝင်သွားသော မြေများကို တိုင်းတာစိစစ်ပြီးဖြစ်၍ မင်းဘူးမြို့နယ် ကန်ရေကျေးရွာအုပ်စုရှိ မြေ ၃၁ ဒသမ ၆၆ ဧကအတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျော်ကြေးငွေကျပ် ၇၂ ဒသမ ၉၃၃ သန်းပေးချေပြီးဖြစ်ပါကြောင်း၊ လျော်ကြေးပေးချေရန် ကျန်ရှိသော ကျေးရွာအုပ်စု(၄)စုအား မြေတိုင်းတာစိစစ်ပြီးဖြစ်၍ သိမ်းဆည်းမြေများအတွက် လျော်ကြေးတန်ဖိုးကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည် ဖြစ်ပါကြောင်း။

သိမ်းဆည်းမြေများနှင့်ပတ်သက်၍ တောင်သူတစ်ဦးချင်းစီ၏ သိမ်းဆည်းမြေဧကကို မြေအမျိုးအစားအလိုက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်အတည်ပြုပြီး မြေလျော်ကြေး၊ နစ်နာကြေး(၁)ဧကဈေးနှုန်းဖြင့်တွက်ချက်မှုပုံစံ (၁၂)ကို မြို့နယ်မှတွက်ချက်အတည်ပြု၍ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရပြီး လျော်ကြေးတန်ဖိုး အတည်ပြုချက်ရရှိမှသာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိပါက လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ်၏ အရှေ့ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ် အနောက်ခြမ်း ဆက်စပ်နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ကျေးလက်ပြည်သူများသည် မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများအသုံးပြုနိုင်ရန် လိုအပ်သောနေရာများတွင် MPT တာဝါတိုင်တိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၏ အရှေ့ဘက်ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ် အနောက်ဘက်ခြမ်း ဆက်စပ်လျက်ရှိသောနေရာများတွင် တာဝါတိုင်များနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တိုးချဲ့တည်ဆောက်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း၊ ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာရန်ပုံငွေကို တည်ထောင်သည့်အချိန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအဆင့်လိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ပိုးလိုင်းကျေးရွာအုပ်စုတို့တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးရရှိစေရန်အတွက် မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်(သို့) အခြားတာဝါတိုင်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၏ **မိုင်းခတ်မြို့နယ် ဝေးလံခေါင်သီ အရပ်ဒေသများဖြစ်သော မိုင်းညှင်းဒေသရှိ မိုင်းညှင်း၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်းကျေးရွာအုပ်စုအနောက်ဘက်ခြမ်းတွင် မြန်မာ့ဆက်သွယ်ရေး(MPT-GSM) လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုသိလိုကြောင်း** မေးခွန်းနှင့်မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၏ **မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (က. ည. န) ခရိုင်ရုံးအသစ်**

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၂ ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်း ၁ ခု တင်သွင်းခြင်းနှင့် အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ မြို့ပေါ် ၅ ရပ်ကွက်အတွင်း သောက်သုံးရေ ဖြန့်ဝေမှုတွင် ရေကောင်းရေသန့်ရရှိရေးကို အရေးတကြီး စီမံဆောင်ရွက်ပေးရန်နှင့် အိမ်တိုင်းစေ့ရေသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် ကျောက်တော်မြို့ မြို့ပေါ် ၅ ရပ်ကွက်သို့ သောက်သုံးရေဖြန့်ဝေပေးနေသည့် မြို့ရေပေးရေးတွင် ရှောက်ချောင်းဆည်မှ ပေးပို့သည့် ရေနမူနာ စမ်းသပ်ချက်များအရ သံဓာတ်၊ မဂ္ဂနီးစ်၊ အလူမီနီယံပါဝင်မှုနှင့် အနည်အနှစ် အနည်းငယ် ပါဝင်မှုရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ ရေနမူနာစမ်းသပ်ချက်အရ သိရှိရပါကြောင်း၊ ရှောက်ချောင်းဆည်မှ ရေများမှာ ရေစုကန် ၁ ကန်၊ အနည်ထိုင်ကန် ၂ ကန်သို့ တိုက်ရိုက်ရောက်ရှိပါကြောင်း၊ ယင်းရေကန်များမှ အနည်အနှစ်မထိုင်မီ မြို့ပေါ်ရှိ အိမ်သွယ်ရေတိုင်များသို့ ရေလုံလောက်စွာ ရရှိရေးအတွက် တစ်ချိန်တည်း တိုက်ရိုက်ပေးလွှတ်ရသဖြင့် ရေတွင် ဆည်မှအနည်အနှစ်များ ပါရှိရခြင်းဖြစ်ပါကြောင်း။

ရေစုကန်နှင့် အနည်ထိုင်ကန်တို့ကို သန့်ရှင်းရေးအတွက် ယခင်ကာလများတွင် ၃ လတစ်ကြိမ်ဆေးကြောသန့်စင်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်း၊ ထုံးအိတ်များထည့်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး နောင်တွင် ရေကောင်းရေသန့်ရရှိရေးအတွက် တစ်လတစ်ကြိမ် ဆေးကြောသန့်စင်သွားမည်ဖြစ်ကြောင်း၊ ညဘက်တွင် ရေလှောင်ကန်များတွင် ရေစုဆောင်းပြီး ၆ နာရီခန့် အနည်ထိုင်စေပြီးမှ နေ့ဘက်တွင် ရေပေးဝေခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အိမ်တိုင်းစေ့ ရေသုံးစွဲနိုင်ရေးအတွက် အဖွဲ့ ဝင်ငွေအရ နှစ်အလိုက် တိုးချဲ့တပ်ဆင်ဆောင်ရွက်ခြင်း သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ၌ ထည့်သွင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရွှေရယ်ရှုမောင်၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်က အခန်း(၁၁)ပုဒ်မ ၃၇ တွင် မည်သူမဆို ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၅ သိန်းမှ ၁၅သိန်းထိ ငွေဒဏ်ဖြစ်စေ ရာဇဝတ်မှုချမှတ်ရမည်ဆိုသည်ကို ပြင်ဆင်လိုပါကြောင်း၊ ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ကို လုံးဝပယ်ဖျက်ရန် တောင်းဆိုပါကြောင်း၊ ပြစ်ဒဏ်ဆိုရာတွင် တစ်နှစ်လည်း ချမှတ်နိုင်ကြောင်း၊ မတိကျကြောင်း၊ ပြစ်မှုကျူးလွန်သူသည် အာဏာရှိသူနှင့် ညှိနှိုင်းပြီး ၇ နှစ်ထောင်ဒဏ်ကို ၁ နှစ်နှင့်လည်း လဲလို့ရသည့် အနေအထားဖြစ်သောကြောင့် ထောင်ဒဏ်ကို မချသင့်ပါကြောင်း၊ ငွေဒဏ်တွင်လည်း ၅သိန်းမှ ၁၅ သိန်းဆိုရာတွင် တောထွက်ပစ္စည်းများရောင်းချရာတွင် သိန်းရာဂဏန်းအထိ ရနိုင်သောကြောင့် ငွေဒဏ်ကို လုံးဝမထည့်သင့်ပါကြောင်း၊ ပုဒ်မ ၃၇ ကို ဖြည့်စွက်ရာတွင် ငွေဒဏ်ကို လုံးဝပယ်ဖျက်ပြီး ထောင်ဒဏ်ကို ၃ နှစ်မှ ၅ နှစ်အတွင်းချမှတ်ရန် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဝင်းဇော်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ခုနှစ်) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခန်း(၁)ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် နောက်တွင်(သို့မဟုတ်)ခရိုင်အဆင့်(သို့မဟုတ်) မြို့နယ်အဆင့်ကိုလည်းကောင်း၊ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (င) တွင် စိုက်ပျိုးရေး(သို့မဟုတ်)မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က နောက်တွင် ဥပဒေနှင့်အညီ သီးသန့်လျာထားသတ်မှတ်သည့်ဟူ၍ လည်းကောင်း၊ အခန်း(၂) ပုဒ်မ၃-(က)တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များ၊ ဥပဒေပညာရှင်များ၏ နောက်တွင် စိုက်ပျိုးမွေးမြူရေးကျွမ်းကျင်သူများကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းပေးသင့်ပါကြောင်း၊ ပုဒ်မ ၃ (ဂ)တွင် ပြည်နယ်အဆင့် နောက်တွင် (သို့မဟုတ်) ခရိုင်အဆင့်(သို့မဟုတ်) မြို့နယ်အဆင့်ကိုလည်းကောင်း၊ ထိုသို့ထိန်းသိမ်းရာတွင် အပိုဒ်၌ ဥပဒေပညာရှင်များ နောက်တွင် စိုက်ပျိုးမွေးမြူရေး ကျွမ်းကျင်သူများကို လည်းကောင်း ထည့်သွင်းဖွဲ့စည်းသင့်ကြောင်း။

အခန်း(၃) ၈-က။(က)တွင် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ နောက်တွင်များကိုလည်းကောင်း၊ (ခ)တွင် အဆင့်ဆင့်သောဆိုသည့် စကားလုံးကိုလည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီနောက်တွင် များကိုလည်းကောင်း၊ မကျေနပ်သူသည် ရက်ပေါင်း (၆၀) အတွင်း

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# မတရားအသင်းများဟူသည်

မောင်စာဂ

မတရားအသင်းများဆိုသည် ၁၉၀၈ ခုနှစ် မတရားအသင်းများ အက်ဥပဒေအရ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းအက်ဥပဒေသည် ယနေ့အထိ အတည်ဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မတရားအသင်းများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။ ယင်းကြောင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်။ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးကို အဟန့်အတားဖြစ်စေသည်။ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည်။ သို့ဖြစ်ရာ မတရားအသင်းများ ဘာကြောင့် ပေါ်ပေါက်လာရသနည်း။ မတရားအသင်းများအက်ဥပဒေက မည်သို့ ပြဋ္ဌာန်းထားသနည်း။ စောကြောဆင်ခြင်မိသည်။ မှတ်သားထားမိသမျှ အနှစ်ချုပ်ကို မျှဝေပါရစေ။

**မတရားအသင်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

မတရားအသင်းဆိုသည်မှာ ရုန့်ရင်းကြမ်းတမ်းမှုများနှင့် ခြိမ်းခြောက်မှုများကို ကျူးလွန်ရန်အားပေးသော သို့တည်းမဟုတ် ကူညီအားပေးသောအဖွဲ့အစည်း သို့တည်းမဟုတ် ထိုကဲ့သို့သော ပြုမူချက်များကို ပြုကျင့်လေ့ရှိသော အဖွဲ့ဝင်များပါဝင်သော အသင်းဖြစ်သည်။ ပုဒ်မ ၁၅ (၂) (က)

အဆိုပါအသင်းများကို မတရားအသင်းဖြစ်ကြောင်း အစိုးရက ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ ပုဒ်မ ၁၅ (၂) (ခ) နှင့် ပုဒ်မ ၁၆ (၁)

အစိုးရအားဆန့်ကျင်၍ လက်နက်ကိုင်သောင်းကျန်းနေသော အုပ်စုများမှာ ပုဒ်မ ၁၅ (၂) (က) အရလည်းကောင်း၊ ပုဒ်မ ၁၅ (၂) (ခ) အရလည်းကောင်း တစ်နည်းမဟုတ် တစ်နည်းအားဖြင့် မတရားအသင်းများဖြစ်ကြပါသည်။

မည်သည့် လက်နက်ကိုင်သောင်းကျန်းသူအုပ်စုမဆို ကြေညာထားခြင်း မရှိလင့်ကစား ပုဒ်မ ၁၅ (၂) (က) အရ မတရားအသင်းမြောက်သည်။

**ချမှတ်ရမည့်ပြစ်ဒဏ်**

ချမှတ်ရမည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ နှစ်မျိုးနှစ်စား ရှိသည်။

ပထမတစ်မျိုးမှာ မည်သူမဆို မတရားအသင်း၏ အဖွဲ့ဝင်ဖြစ်လျှင် သို့တည်းမဟုတ် ယင်းအသင်း၏ အစည်းအဝေး၌ ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ယင်းအသင်းအတွက် ဝင်ကြေးထည့်ဝင်၊ ရယူ၊ တောင်းခံလျှင် သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင် ထောင်ဒဏ်နှစ်နှစ်ထက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကို စီရင်ခြင်းခံရမည်။ [ပုဒ်မ ၁၇ (၁)]

ဒုတိယအမျိုးအစားမှာ မည်သူမဆို မတရားအသင်းကို စီမံအုပ်ချုပ်လျှင် သို့တည်းမဟုတ် စီမံအုပ်ချုပ်ခြင်းတွင်ကူညီလျှင် သို့တည်းမဟုတ် အဆိုပါအသင်းတစ်ခုခု သို့တည်းမဟုတ် ထိုအသင်းသားများ၏ အစည်းအဝေးကို ဆော်သြ ကမကထပြုလျှင် သို့တည်းမဟုတ် ဆော်သြ ကမကထပြုရာတွင် ကူညီလျှင် သုံးနှစ်ထက်မနည်း ငါးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ စီရင်ခြင်းခံရမည်။ [ပုဒ်မ ၁၇ (၂)]

**မတရားအသင်းအဖြစ်ကြေညာခြင်း**

မတရားအသင်း အက်ဥပဒေပြဋ္ဌာန်းချက်များအရ အစိုးရသည် အသင်းအဖွဲ့တစ်ခုကို မတရားအသင်းဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ ယခင်ခေတ်ကာလများက မတရားအသင်းအဖြစ် ကြေညာထုတ်ပြန်ခဲ့ဖူးသည်များကို ကောက်နုတ်ဖော်ပြလိုသည်။

ပြည်ထဲရေးဝန်ကြီးဌာန ရဲဌာနခွဲ၏ ၂၃-၁-၁၉၄၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၃) အရ အလံနီကွန်မြူနစ်ပါတီ(ဗမာပြည်) နှင့် အလံနီတောင်သူလယ်သမားသမဂ္ဂတို့ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁-၂-၁၉၄၉ ရက်စွဲပါ ကြေညာချက်အမှတ် (၆၁) ဖြင့် Karen National Defence Organization (K.N.D.O) ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန ရဲဌာနခွဲ၏ ၂၁-၁၀-၁၉၅၃ ရက်စွဲပါ ကြေညာချက်အမှတ် ၇၅၇ ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ သို့မဟုတ် အလံဖြူကွန်မြူနစ်ပါတီကို လည်းကောင်း၊ ကြေညာချက်အမှတ် ၇၅၈ ဖြင့် ပြည်သူ့ရဲဘော်အဖွဲ့ (Peoples’ Comrate Party - ပီ၊ စီ၊ ပီ ကိုလည်းကောင်း မတရားအသင်းများအဖြစ် မတရားအသင်းများဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်ခဲ့သော အသင်းအဖွဲ့များကို မတရားအသင်းများအဖြစ်မှ ပယ်ဖျက်ကြောင်းကိုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

သာဓကအားဖြင့် မတရားအသင်းများအဖြစ် ကြေညာထားသော မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီတပ်ပေါင်းစုအဖွဲ့ (MYANMAR NATIONAL DEMOCRACY ALLIANCE - MNDA) အပါအဝင် အဖွဲ့အစည်းရှစ်ခုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၄-၅-၁၉၉၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၉၁ အရ ၎င်းတို့ တရားဥပဒေဘောင်အတွင်း စတင်ဝင်ရောက်ခဲ့သည့် နေ့ရက်များမှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့သည်ကို တွေ့ရသည်။

**မတရားအသင်းများနှင့်နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီတစ်ခုသည် မတရားအသင်းအဖြစ်

> “မတရားအသင်းအက်ဥပဒေအရ အစိုးရအား ဆန့်ကျင်၍ လက်နက်ကိုင်သောင်းကျန်းနေသော အုပ်စုများ၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် နှောင့်ယှက်ဖန်တီးခြိမ်းခြောက်နေသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ သာမက ၎င်းတို့နှင့် ပါဝင်ပတ်သက်အားပေးကူညီသူ မည်သူမဆို အရေးယူအပြစ်ပေးခံရမည်ဖြစ်သည်ကို သိရှိသတိပြုကြစေလို”

ကြေညာခြင်းခံရလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိပါ။ ထို့အပြင် နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိပါ။ နိုင်ငံရေးပါတီအဖြစ်မှ မှတ်ပုံတင်ထားခြင်းကိုလည်း ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇၊ ၄၀၈ )

နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်တစ်ဦးဖြစ်ခဲ့သော် နိုင်ငံရေးပါတီတစ်ရပ်ထူထောင်ရန် သို့မဟုတ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခွင့်မရှိပါ။ [နိုင်ငံရေးပါတီများ ဥပဒေပုဒ်မ ၄ (စ)]

**မတရားအသင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ**

တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသူတစ်ဦး ဖြစ်နေပါက မည်သည့်လွှတ်တော်တွင်မျှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိပါ။ [လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀ (ဃ)]

တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု သက်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိပါ။ [လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည)]

သူတစ်ဦးတစ်ယောက်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မတရားအသင်းတစ်ခုနှင့် ဆက်သွယ်ဆက်စပ်ပတ်သက်မှုများ ရှိနေခဲ့သော် တရားစွဲဆိုအရေးယူ အပြစ်ပေးခြင်းခံရမည်။ ထို့ပြင် နိုင်ငံရေးပါတီတစ်ရပ်အဖြစ် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် အခွင့်အရေးများ ဆုံးရှုံးမည်။ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။ မတရားအသင်းတစ်ခုနှင့် ဆက်နွှယ်ဆက်စပ်ပတ်သက်နေခြင်းသည် နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ခဲ့လျှင် ပါတီမှတ်ပုံတင်ထားခြင်းကိုလည်း ဖျက်သိမ်းခြင်းခံရမည်ဖြစ်သည်။

**မတရားအသင်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရေး**

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ပူးပေါင်း ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူ့အားဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဤသို့သော အချိန်ကာလတွင် ပြည်ထောင်စုနိုင်ငံတော် သို့မဟုတ် အစိုးရကို ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေရန်၊ ပြည်သူလူထု၏ ငြိမ်းချမ်းသာယာမှုကို အန္တရာယ်ဖြစ်စေရန် နှောင့်ယှက်ဖန်တီးမှုများနှင့် ခြိမ်းခြောက်မှုများကို သတိပြုကြရပါမည်။ ယင်းသို့ ဖန်တီးလုပ်ဆောင်နေသော၊ အားပေးကူညီနေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ် ဆက်စပ်မှုမရှိအောင် သတိပြုရှောင်ကြဉ်ကြရပါမည်။

မတရားအသင်းအက်ဥပဒေအရ အစိုးရအား ဆန့်ကျင်၍ လက်နက်ကိုင်သောင်းကျန်းနေသော အုပ်စုများ၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် နှောင့်ယှက်ဖန်တီး ခြိမ်းခြောက်နေသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသာမက ၎င်းတို့နှင့် ပါဝင်ပတ်သက်အားပေးကူညီသူ မည်သူမဆို အရေးယူအပြစ်ပေးခံရမည်ဖြစ်သည်ကို သိရှိသတိပြုကြစေလိုသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်ဖန်တီးခြိမ်းခြောက်မှုများအား အစဉ်သတိပြု ကာကွယ်နိုင်ကြပါစေ။

ဥပဒေကို လေးစားလိုက်နာပြီး ဥပဒေဘောင်အတွင်း အန္တရာယ်ကင်းအောင် ပြုမူနေထိုင်နိုင်ကြပါစေ။ ။

## ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေးစီမံကိန်း သင်တန်းပို့ချ

**ကျိုက်မရော ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဇန်နဝါရီ ၁၇ ရက်တွင် မြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ စီမံကိန်းအကြောင်းနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို မြို့နယ်ဦးစီးမှူး ဦးမင်းသန်းဇော်ထွန်းနှင့် တာဝန်ခံ ဝန်ထမ်းများက သင်တန်းပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ကော့ပလိုင်ကျေးရွာ၊ ကော့ဒွန်းကျေးရွာ၊ ကွမ်ငန်းကျေးရွာ၊ ကျုံဝမ်းကျေးရွာ၊ နိတုံကျေးရွာနှင့် သရက်ကုန်းကျေးရွာစသည့် ကျေးရွာခြောက်ရွာတို့မှ ကျေးရွာကော်မတီ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

○ မင်းဘူးမှ

**ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းတို့ကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လွှတ်တော်သို့ တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

တရားသူကြီး ဦးမြင့်အောင်က အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းရာတွင် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ**ကို ၁၈၅၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေသည် တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပြီး ယခုထိအသုံးပြုဆဲဥပဒေဖြစ်ပါကြောင်း၊ သို့သော်လည်း ဥပဒေ၏နိဒါန်းတွင် ဘင်္ဂလားဥပဒေ ၁၈၃၂ ခုနှစ် နည်းဥပဒေ အမှတ် ၇၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် မူသဘောကို ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်းစေမည်ကိုထောက်၍ ဥပဒေအဖြစ်ပြဋ္ဌာန်းကြောင်း ကနဦးဖော်ပြချက်များပါရှိနေရာ ယင်းဖော်ပြချက်များသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်ခြင်းမရှိသည့်အတွက် လည်းကောင်း၊ ဖော်ပြရန် မသင့်လျော်သည့်အတွက်လည်းကောင်း ယင်းကနဦးဖော်ပြချက်နိဒါန်းကို ခေတ်နှင့်အညီလျော်ညီစေရန် အစားထိုးပြင်ဆင်ရန်လိုအပ်သည့်အတွက် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ကျော်သူထက်၊ မွေးကြူဇင်**

❖ တောရိုင်းတိရစ္ဆာန်မှ

တစ်ဆင့်မြှင့် စီမံခန့်ခွဲရေး ဆိုသည့်စကားလုံးကိုလည်းကောင်း၊ ပုဒ်မ ၁၁-က (၁)တွင် စတင်ခွင့်ပြုသည့် နှစ်မှစ၍ နှစ်ပေါင်း ၂၀ အစား ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်ဟု လည်းကောင်း၊ အခန်း(၈) ပုဒ်မ ၂၅ (က) အပိုဒ်ခွဲ ၂ တွင် ဒေသခံလက်ငုတ်လုပ်ကိုင်သူကို တရားဝင်ဖြစ်အောင် လျှောက်ထားခွင့်ပေးရန်ကို လည်းကောင်း၊ အခန်း(၉) ပုဒ်မ ၂၇ (က)တွင် အစိုးရမှ သီးသန့်လျာထားသတ်မှတ်ထားသော မြေလွတ်၊ မြေရိုင်းများပေါ်တွင် ကိုလည်းကောင်း၊ ပုဒ်မ ၂၉-က မူလလုပ်ပိုင်ခွင့် ရရှိထားသူမည်သူမဆို ကိုလည်းကောင်း၊ ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ကိုလည်းကောင်း၊ အခန်း(၁၀) ပုဒ်မ ၃၀ (က) တွင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နောက်တွင် ရွှေ့ပြောင်းကို လည်းကောင်း၊ (ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ နောက်တွင် အစဉ်အဆက် အသုံးပြုနေသည့် ကိုလည်းကောင်း ဖြည့်စွက်ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လွှတ်တော်သို့တင်သွင်းရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်မှ ၂၀၁၄ ခုနှစ် နှစ် ၂၀ အတွင်း ဒေသတွင်း တရားမဝင်သစ်ခုတ်လှဲရောင်းချခဲ့သော တန်ချိန်များမှာ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကချင်ပြည်နယ် နယ်စပ်ဒေသများမှ သစ်မာတန်ချိန် ၂၈ သိန်းကျော်၊ ထိုင်းနယ်စပ် မောတောင်ဂိတ်မှ သစ်မာတန်ချိန် ၁၂ သိန်းကျော်၊ ထိုင်းနယ်စပ်-ဘီပီဝမ်းနှင့် ဘီပီတူး-ပုံပါကြိုးဝိုင်းမှ သစ်မာတန်ချိန် ၉ သိန်းကျော်ရှိ မြေပေါ် သယံဇာတများ ဆုံးရှုံးနေရပါကြောင်း၊ ရှားပါးအဖိုးတန်သည့် ဆင်စွယ်၊ သစ်ခွ၊ ဝက်ဝံ သားရေ၊ ကျားသားရေ၊ ကျားသစ် သားရေ၊ သင်းခွေချပ်၊ တောင်ဆိတ်၊ ဥဒေါင်းငှက်၊ တောကြီးမြွေဟောက်တို့ကို တစ်နှစ်တွင် မည်မျှဖမ်းဆီး၊ သတ်ဖြတ်နေသည်ကို မှတ်တမ်းမရှိ၍ မသိနိုင်ပါကြောင်း၊ အရည်အသွေးမြင့်ပြီး ကမ္ဘာကျော်သည့် မိုးကုတ်ပတ္တမြားအပြင် မိုင်းရှူးရတနာမြေတွင်လည်း မည်မျှတူးဖော်ထုတ်လုပ်ပြီး ထွက်သမျှ ပတ္တမြား မည်မျှ ပြည်ပရောက်ကုန်သည်ကို သတ္တုတွင်းဝန်ကြီးဌာနကပင် အတိအကျမသိရပါကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စုစာရင်းစစ်အဖွဲ့ စစ်ဆေးချက် အစီရင်ခံစာအရ လုပ်ငန်းရှင်ကုမ္ပဏီ အရေအတွက် ၉၈ ခုကျော်မှ ရွှေပေးသွင်းရန် ကျန်နေသည့် တန်ချိန် ၆ ဒသမ ၄ တန်အထိရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ အခွန်မဆောင် စာချုပ်ဖောက်ဖျက်သူများကို တရားစွဲအရေးယူခြင်းလည်း မတွေ့ရပါကြောင်း၊ ယခုကဲ့သို့ ဥပဒေကိုဂရုမစိုက်ကြခြင်းကို ဥပဒေပုဒ်မများ ထုတ်ပြန်ကန့်သတ်ရုံဖြင့် မလုံလောက်ပါကြောင်း၊ အဖိုးတန် မြန်မာ့သယံဇာတများ ပြုန်းတီးပျက်စီးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်း၊ ကာကွယ်၊ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ မျိုးသူဟိန်း**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် NMSP (မွန်)အဖွဲ့ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီး ဖြစ်ကြောင်း၊ NMSP (မွန်) အဖွဲ့အနေဖြင့် အစိုးရ၊ တပ်မတော်နှင့်ပူးပေါင်း၍ ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် သံသယများ ကင်းရှင်းပြီး ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် လျှောက်လှမ်းခြင်းဖြင့် တိုင်းပြည်ပိုမိုတိုးတက်ဖွံ့ဖြိုးမည် ဖြစ်ကြောင်း၊ ပြည်သူများကလည်း ဝမ်းသာအားရကြိုဆိုကြမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်၏ အပြင်းပြဆုံးဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပြီး တပ်မတော်မှပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်းပြောကြားသည်။

ထို့နောက် NMSP (မွန်)အဖွဲ့ ဥက္ကဋ္ဌ နိုင်ထောမွန်က မိမိတို့အနေဖြင့် UNFC ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ DPN နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် PC တို့နှင့် (၈)ကြိမ်မြောက် တွေ့ဆုံဆွေးနွေး သဘောတူညီခဲ့မှုများအပေါ် လက်ခံသင့်သည်ဟုယူဆပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အစိုးရနှင့် တပ်မတော်မှ အကူအညီများ ပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပြည်သူ့အကျိုးများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များနှင့် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးမည့်အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်မည့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (Lahu Democratic Union -LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သည့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် အဆိုပါ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားဟူတိုင်းရင်းသားများအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါး ကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်မှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

လားဟူဒီမိုကရက်တစ် အစည်းအရုံးဥက္ကဋ္ဌက မိမိတို့အနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်သံလွှင့်ကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ဂျပန်နိုင်ငံ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာဌာန၊ နိုင်ငံတကာရေးရာဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Seiji TAKAGI ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့် မီဒီယာ စိန်ခေါ်မှုများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (Ministry of Internal Affairs and Communications - MIC) တို့ ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် "Capacity Building Project" နှင့် ပတ်သက်၍ စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအခြေအနေ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်နိုင်ရေး၊ ရုပ်သံလွှင့်မီဒီယာ ဥပဒေပြင်ဆင်ရေးဆွဲဆောင်ရွက်နေမှု အခြေအနေ၊ ရုပ်သံလွှင့်ကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**



# Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

Asian Tour၊ Japan Golf Tour နှင့် မြန်မာပီဂျီအေတို့ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၈ Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ဂေါက်သီးရိုက်ကစားသမား ၁၅၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများနှင့် ပြိုင်ပွဲအကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ဆင်နော့သ် (သြစတြေးလျ) အပါအဝင် အီရှီကာဝါ (ဂျပန်)၊ ရှောင်နောရစ် (တောင်အာဖရိက)၊ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သည့် ရဲထက်အောင်နှင့် နိုင်နိုင်လင်းတို့ တက်ရောက်သည်။

ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဆင်နော့သ်အပါအဝင် ၂၀၁၆ ချန်ပီယံ ရှောင်နောရစ် (တောင်အာဖရိက)၊ ၂၀၁၅ ချန်ပီယံ ပလာပိုလ် (ထိုင်း) နှင့် ဘွန်ချူးရန်ကစ်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ် ကစားသမားများဖြစ်သည့် နိုင်နိုင်လင်း၊ သိန်းဇော်မြင့်၊ ဇော်ဇင်ဝင်း၊ မျိုးဝင်းအောင်၊ သိန်းနိုင်စိုး၊ ဇော်ဇော်လတ်၊ ဘိုဘို၊ အောင်ဝင်း၊ လှမျိုး၊ အောင်ဆန်းဝင်း၊ အပျော်တမ်းကစားသမားများဖြစ်သည့် ဟိန်းစည်သူ၊ ကျော်သက်ဦး၊ လှိုင်မင်းထက်၊ သီဟမျိုးဆက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲကျင်းပရေး၏ ဖိတ်ကြားမှုဖြင့် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သည့် ဇော်မိုး၊ ရဲထက်အောင်နှင့် စည်သူရဲရင့်တို့လည်း ယှဉ်ပြိုင်ခွင့်ရထားကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

## ပြည်တွင်းရေးရာ

❖ ကျောဖုံးမှ
စိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့ဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၃**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် French Communications မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စင်ကာပူသံအမတ်ကြီးနှင့် French Communications ညွှန့်အဖွဲ့တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Ms. Vanessa Chan Yuen Ying နှင့် French Communications မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးဖြစ်သော Ms. Florence Bonetti နှင့် Mr. Henri Clelorme တို့အား ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

စင်ကာပူသံအမတ်ကြီး H.E.Ms. Vanessa Chan Yuen Ying နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များအား Community Centers, Community Libraries များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လူမှုမီဒီယာများတွင် အမုန်းစကား (Hate Speech) ရေးသားဖြန့်ဝေမှုများနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံ၏ ဖြေရှင်းဆောင်ရွက်ပုံနည်းလမ်းများ၊ နှစ်နိုင်ငံမီဒီယာကဏ္ဍ လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

French Communications မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးနှင့် တွေ့ဆုံစဉ် ပြည်သူ့ဆက်ဆံရေး (Public Relations-PR) ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး နည်းလမ်းများနှင့် ပတ်သက်၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်းကျင်းပသော စာတမ်းဖတ်ပွဲ ဒုတိယနေ့နှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၃**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်းကျင်းပသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် NGO, INGO နှင့် အခြားပုဂ္ဂလိက လူ့အဖွဲ့အစည်းများမှ တစ်ဆင့် ပြည်သူလူထုအတွင်း ပျံ့နှံ့၍ အဂတိလိုက်စားမှုဆိုင်ရာ အသိအမြင်များတိုးပွားလာစေရန်၊ အဂတိလိုက်စားမှုများကို ဟန့်တားနိုင်စေရန် ရည်ရွယ်ကျင်းပသော **"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Park Royal Hotel ၌ ကျင်းပသည်။

နံနက်ပိုင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အစုလိုက်စာတမ်းဖတ်ကြားခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အခမ်းအနားပြီးဆုံးကြောင်း နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "တော်တော်လေးကို အကျိုးကျေးဇူးရှိတဲ့ အခမ်းအနားလေးဖြစ်ပါတယ်၊ ဒီအခမ်းအနားမှာ ပါဝင်ဆွေးနွေးပြောကြားသွားတဲ့ အချက်လေးတွေရဲ့ အရေးကြီးတဲ့အချက်တွေကို စာအုပ်အနေနဲ့လည်း မကြာခင်ထုတ်ဝေနိုင်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်၊ တာဝန်ရှိတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့နဲ့အတူတူ ဒီအဂတိလိုက်စားမှုနဲ့ ပတ်သက်တာတွေကို အားလုံးက အင်တိုက်အားတိုက် ကြိုးပမ်းပြီး တားဆီးကာကွယ်သွားကြပါလို့ မေတ္တာရပ်ခံ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

ဆက်လက်ပြီး သတင်းစာရှင်းလင်းပွဲတွင် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး ပညာပေးခြင်းကို အခြေခံပညာကျောင်းများမှစတင်၍ ပျိုးထောင်နိုင်ရန်၊ မီဒီယာများနှင့် နီးကပ်သောဆက်ဆံရေး ထူထောင်ရန်၊ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အရေးယူမှုအပိုင်းတွင်လည်း ထိထိရောက်ရောက်ဖြစ်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ယခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌက ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ပြောကြားပြီး စာတမ်းဖတ်ပွဲ၏ အောင်မြင်မှု၊ အကျိုးသက်ရောက်မှုများကို အခြေခံ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပညာပေးရေး၊ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာဏီ၊ နေသန်**
**ဓာတ်ပုံ-ဒီဒီ**



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှု နယ်မြေအတွင်းရှိ ဂုံညင်းတန်းကျေးရွာအုပ်စု ဒီးဒူးပင် အနောက်နှင့် အရှေ့ရွာတို့တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းရှိ ဆွေးမြည့် သစ်သားတိုင် ၇၂ တိုင်ကို ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် လဲလှယ်တပ်ဆင်ခြင်းကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်လျှပ်စစ်မှူး ဦးအောင်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်နေစဉ်။ **၁၄၃**



○
လသာမြို့နယ်၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းအသိပညာပေးခြင်းကို အမှတ်(၄)ရပ်ကွက် လမ်း(၂၀)ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က ရပ်ကွက်နေပြည်သူ ၅၀ အား ဇန်နဝါရီ ၁၇ ရက်က ဟောပြောစဉ်။
**ကြေးမုံ**
○

### ❂ ရခိုင်ပြည်နယ်မှ

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက“ပြန်လည်လက်ခံတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က စီစဉ်ဆောင်ရွက်ထားတာ တွေရှိတယ်၊ မီဒီယာတွေဘက်ကနေပြီးတော့ မေးချင်တာမေးလို့ရပါတယ်၊ ကျွန်တော်တို့ဘက်က စပြီးတော့ ပြောရမယ့် ကိစ္စကတော့ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ထားတဲ့အတိုင်းပဲ စာချုပ်ချုပ်ပြီး နှစ်လအတွင်း လက်ခံရမယ့် ရက်က ဒီနေ့ဖြစ်ပါတယ်၊ ၂၃ ရက်၊ ဇန်နဝါရီဖြစ်ပါတယ်၊ ဇန်နဝါရီ ၂၃ ရက်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြန်လည်လက်ခံဖို့အတွက် လက်ခံရေးစခန်းနှစ်ခုနဲ့ ကြားစခန်းတစ်ခု တည်ဆောက်ရတယ်၊ လက်ခံဖို့အတွက် အစီအစဉ်တွေ ဆောင်ရွက်ရတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း အဆင်သင့်ပို့ပြီးပြီ၊ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ ကိစ္စတွေက အဆင်သင့်ဖြစ်နေတယ်၊ အဆင်သင့်ဖြစ်နေတယ်ဆိုတာ ပထမအသုတ်လာဖို့အတွက် အဆင်သင့်ဖြစ်နေတယ်၊ ဆက်ပြီးတော့ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေကိုလည်း ရှေ့ဆက်ပြီးတော့ ပိုပြီးတော့ပြည့်စုံအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ အခုအခြေအနေမှာ ကျွန်တော်တို့ လက်ခံဖို့ အဆင်သင့်ဖြစ်နေပါတယ်” ဟု ပြောသည်။

### တရားဥပဒေစိုးမိုးရေး

၎င်းတို့ ပြန်လာပါက လုံခြုံစိတ်ချမှု မည်မျှပေးနိုင်မည်၊ မြန်မာအစိုးရဘက်မှ ဘယ်လောက်အထိ အဆင်သင့်ဖြစ်နေပြီကို သိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “ဒီ process က save and voluntary လို့ ပြောတဲ့အတွက်ကြောင့် save ဖြစ်ဖို့က အရေးကြီးတယ်ဆိုတာ ကျွန်တော်တို့လည်းသိတယ်၊ ဒါကိုလည်း လက်ခံတယ်။ ကျွန်တော်တို့ဘက်က ဆောင်ရွက်ထားတာကို အတိုချုပ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကနေပြီးတော့ ရှင်းပြမှာဖြစ်ပါတယ်”ဟု ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က တောင်ပြိုလက်ဝဲ စိစစ်ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရစိစစ်ပြန်လည်လက်ခံရေးစခန်းတို့မှ စိစစ်ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် လှဖိုးခေါင်ကြားစခန်းတွင်ထားရှိကာ နယ်မြေလုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းကို စီစဉ်ထားပါကြောင်း၊ ထိုသို့စိစစ်သည့် နေရာတွင် စိစစ်သည့် စခန်းနေရာအပါအဝင် နယ်မြေလုံခြုံရေးအတွက် အပြင်စည်း၊ အတွင်းစည်းလုံခြုံရေးများ ဆောင်ရွက်ထားပါကြောင်း၊ စီမံချက်များကိုလည်း ရေးဆွဲထားပါကြောင်း၊ နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြည့်အဝဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှု အခြေအနေအားသိရှိလိုသည့် မေးခွန်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက “ပြီးခဲ့တဲ့လအနည်းငယ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနဲ့ မြန်မာနိုင်ငံက သက်ဆိုင်ရာဝန်ကြီးတွေ နေပြည်တော်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွေမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်၊ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်ပို့ဖို့ သဘောတူညီခဲ့ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည် ပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ နှစ်နိုင်ငံအကြား Joint Working Group အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပြီး သဘောတူညီချက်ကို ဇန်နဝါရီ ၁၆ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို ပြန်လည်လက်ခံဖို့ မြန်မာနိုင်ငံဘက်က အဆင်သင့်ရှိနေပြီလို့ ကျွန်တော် ထပ်လောင်းပြောကြားချင်ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကပို့ထားတဲ့ စာရင်းနဲ့အညီ လက်ခံသွားမှာဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်ဖို့ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လိုအပ်ပါတယ်” ဟု ဖြေကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေအနေအား သိရှိလိုသည့် မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က “ကျွန်တော်တို့အတွက် ဒေါက်တာကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေထဲက တစ်ခုကတော့ ဒီနေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည် ပို့ဆောင်ရေးနဲ့ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ စေ့စပ်ညှိနှိုင်းဖို့ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနက နေရပ်စွန့်ခွာ တိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် စတင်နိုင်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းပြောပြခဲ့သလို The Arrangement on Return of Displaced Persons လို့ ကျွန်တော်တို့ခေါ်ဆိုတဲ့ ပြန်လည်ပို့ဆောင်ရေး သဘောတူညီချက်ကို ကျွန်တော်တို့လုပ်ဆောင်ခဲ့တဲ့ စီစဉ်ဆောင်ရွက်ချက်တွေနဲ့အညီ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က နိုဝင်ဘာ ၂၃ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်၊ အဲဒီလုပ်ငန်းစဉ်မှာ ကျွန်တော်တို့ သဘောတူညီပြီးဖြစ်တဲ့ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် ကြီးကြပ်ဆောင်ရွက်ဖို့ Agreement on terms of reference of joint working group၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် ဘယ်လိုရှေ့ဆက်လုပ်ဆောင်မယ်ဆိုတဲ့ လက်တွေ့ကျတဲ့အစီအစဉ်တွေပါဝင်တဲ့ Physical arrangement for repatriation ကိုလည်း သဘောတူညီခဲ့ပါတယ်၊ ကျွန်တော်တို့ Joint Working Group ကိုလည်း ဖွဲ့စည်းထားပါတယ်၊ Joint Working Group ရဲ့ ပထမဆုံးအစည်းအဝေးကို နေပြည်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဇန်နဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်တွေက ကျင်းပခဲ့ပါတယ်၊ အဲဒီအစည်းအဝေးမှာ Physical arrangement for repatriation သဘောတူညီချက်ရရှိခဲ့ပြီး အဲဒီသဘောတူညီချက်ကို ဇန်နဝါရီ ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။

### သဘောတူညီချက်

နိုဝင်ဘာ ၂၃ ရက်က နှစ်နိုင်ငံအကြားရရှိခဲ့တဲ့ သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ဖို့ အဆင့်တိုင်းကို ကျွန်တော်တို့ ရှေ့ဆက်လုပ်ဆောင်နေပါတယ်၊ သဘောတူညီချက်အရ နေရပ်စွန့်ခွာ တိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို ဇန်နဝါရီ ၂၃ ရက်မှာ စတင်နိုင်လိမ့်မယ်လို့ မျှော်လင့်ရပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အဆင်သင့်မဖြစ်သေးဘူးဆိုတဲ့ သတင်းတွေလည်း ကျွန်တော်တို့ ကြားနေရပါတယ်၊ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က တရားဝင်ဆက်သွယ်မှုလည်း ကျွန်တော်တို့ မရရှိပါဘူး၊ ဒီနေ့ ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံရုံးကို ကျွန်တော်တို့ဆက်သွယ်ခဲ့ပြီး သူတို့က ပြောပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ UNHCR တို့ မနေ့ကပဲ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်၊ မြန်မာနိုင်ငံဘက်က စီစဉ်ထားတဲ့ဖောင်ကို သူတို့ပေးပို့ခဲ့ပါတယ်၊ ဖောင်ကို ဖြည့်ပြီးတဲ့အခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ စာရင်းကို UNHCR ကို ပေးပို့ရမှာဖြစ်ပါတယ်၊ UNHCR က စာရင်းမှာပါတဲ့သူတွေက နယ်စပ်ဖြတ်ကျော်သွားရောက်မှု ရှိ၊ မရှိစစ်ဆေးဖို့လိုပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လုပ်ဆောင်စရာအဆင့်တွေ များစွာရှိနေပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နေရပ်စွန့်ခွာတိမ်းရှောင်သူတွေက အမှန်တကယ် မြန်မာနိုင်ငံဘက်ကို ပြန်သွားလိုခြင်းရှိ မရှိ စစ်ဆေးရာမှာ ဒီဖောင်ကိုဖြည့်ဖို့ ပြင်ဆင်မှုတွေများစွာ လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်၊ ဒါဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လုပ်ဆောင်ရမယ့်အဆင့်ဖြစ်ပါတယ်။

### ပြန်လည်လက်ခံရေး

ဒါကြောင့် ပြင်ဆင်မှုတွေ အများကြီးလုပ်ဆောင်ဖို့လိုအပ်တယ်လို့ သူတို့က ပြောပါတယ်၊ ဘင်္ဂလားဒေ့ရှ်သံရုံးက ကြားသိရပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ Technical Working Group ဖွဲ့စည်းထားတယ်လို့ ဒါကာမှာရှိတဲ့ မြန်မာသံရုံးက သိရပါတယ်၊ Technical Working Group ရဲ့ခေါင်းဆောင်ကို The Refugee Relief and Repatriation Commission (PRRC) လို့ခေါ်ပါတယ်၊ သူတို့အနေနဲ့ ဒီလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ များစွာလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ပြောပါတယ်၊ ဒါဟာ ကျွန်တော်တို့ သူတို့ဆီကရရှိတဲ့ သတင်းတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံဘက်ကတော့ တောင်ပြိုလက်ဝဲနဲ့ ငါးခူရဒေသတွေမှာ နေရပ်စွန့်ခွာတိမ်းရှောင်သူ ပြန်လည်လက်ခံရေးအဖွဲ့တွေ ရှိနေပြီဖြစ်ပါတယ်၊ အခြားဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေ အနေနဲ့လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို မြန်မာနိုင်ငံဘက် ပြန်လည်ပို့ဆောင်ရင်လက်ခံဖို့ နယ်စပ်မှာ အဆင်သင့် ရောက်ရှိနေပြီဖြစ်ပါတယ်၊ မြန်မာနိုင်ငံဘက်ကတော့ ပြင်ဆင်မှုတွေ ပြီးစီးသွားပြီဖြစ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို လက်ခံဖို့အဆင်သင့်ရှိနေပြီလို့ ထပ်မံပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအကြား သဘောတူညီချက်နဲ့အညီ သူတို့ကို ကျွန်တော်တို့ ကြိုဆိုပါတယ်၊ ဇန်နဝါရီ ၂၃ ရက်မှာ နေရပ်စွန့်ခွာ တိမ်းရှောင်သူတွေကို နေရပ်ပြန်လည်ပို့ဆောင်မှုစတင်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အချိန်လိုတယ်လို့ ကြားသိရပါတယ်၊ ဒါကတော့ ဒီနေ့ကျွန်တော်ပြောချင်တဲ့ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ သတင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

### ပြန်လည်သုံးသပ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း ဇန်နဝါရီ ၂၃ ရက်က စတင်ပြီး ပြန်လည်လက်ခံရေးဌာနနှစ်ခုမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့လက်ခံရာတွင် တစ်နေ့လျှင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၃၀၀ ပြန်လည်လက်ခံရန် ပြင်ဆင်ထားပါကြောင်း၊ လက်ခံမည့်အရေအတွက်ကို ပထမအသုတ် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်လက်ခံဆောင်ရွက်မှု တိုးတက်မှုအခြေအနေအပေါ် အခြေခံကာ တိုးမြှင့်လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးဌာနတစ်ခုတွင် တစ်နေ့လျှင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၅၀ နှုန်းနှင့် ပြန်လည်လက်ခံရေးဌာနနှစ်ခုမှ တစ်နေ့ ၃၀၀ အထိ လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို သုံးလအတွင်း ပြန်လည်သုံးသပ် သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

မြန်မာဘက်ကို ပြန်မပို့ရန် ဆန္ဒပြမှုနှင့် နိုင်ငံတကာမှ ပြန်မပို့ရန် ဖိအားပေးနေမှုအခြေအနေဆိုင်ရာ မေးခွန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နှစ်နိုင်ငံသဘောတူညီချက် ပထမရယူဆောင်ရွက်ရပါကြောင်း၊ ထို့နောက် နှစ်ဖက်မှအလုပ်လုပ်မည့် working group များ တွေ့ဆုံဆွေးနွေးရပါကြောင်း၊ ပြန်လည်လက်ခံရေးအတွက် အစီအစဉ်များကို စနစ်တကျ ညှိနှိုင်းဆောင်ရွက်ရပါကြောင်း၊ မိမိတို့ လုပ်ဆောင်သည့် အဆင့်တိုင်းကို သေသေချာချာ စည်းကမ်းနှင့် ညီညွတ်အောင် လုပ်ဆောင်ခဲ့ပါကြောင်း ပြောကြားသည်။


ဆက်လက်၍ အစိုးရချင်းညှိနှိုင်းမှုအခြေအနေကို သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “ကျွန်တော်တို့ဘက်ကနေပြီးတော့ သဘောတူညီချက်အတိုင်း ဒီနေ့ စရမယ့်နေ့ဖြစ်တယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့မှာ အဆင်သင့်ဖြစ်ပါတယ်၊ လာရင်လက်ခံနိုင်ပါတယ်၊ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်တဲ့အပိုင်းပေါ့၊ ကျန်တာကတော့ ညှိနှိုင်းလာလို့ရှိရင် ပြန်လည်ညှိနှိုင်းရမှာပဲ၊ ဒီကိစ္စက ညှိနှိုင်းပြီး ဆောင်ရွက်ရတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဘင်္ဂလားဒေ့ရှ်ကနေပြီးတော့ ဒီကို ပို့မယ့်အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းလာလို့ရှိရင် ညှိနှိုင်းချက်အပေါ်မှာ နှစ်ဖက်သဘောတူချက်ရယူပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။


### ပို့ရှုပ်ထွေးအောင်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း “ကျွန်တော့်ရဲ့ ကိုယ်ပိုင်သုံးသပ်ချက်အရဆိုရင် တချို့တွေက မပြန်အောင် တိုက်တွန်းနေတဲ့ အုပ်စုတွေရှိတယ်ဆိုတော့ တချို့ကျတော့ ဒီပြဿနာကို ပြေလည်မှာကို စိုးရိမ်တဲ့သူတွေရှိတယ်၊ ကျွန်တော်တို့အစိုးရနှစ်ရပ်က ဒီပြဿနာကို ပြေလည်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်၊ တချို့ကျတော့ ပြဿနာကို ပြေလည်အောင် မလုပ်ဘဲနဲ့ ပိုမိုပြီးတော့ ခက်ခဲရှုပ်ထွေးလာပြီး နိုင်ငံတကာ attention ရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ လူမျိုးတွေလည်းရှိတယ်၊ အဲဒီလို အုပ်စုတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်ထင်တာကတော့ တချို့ကျတော့ နိုင်ငံတကာဖိအားပိုမိုပြီးတော့ အသုံးပြုချင်တဲ့အခါ ဒီပြဿနာကို မပြေလည်အောင်၊ ပို့ရှုပ်ထွေးအောင်၊ ကြီးမားလာအောင်လုပ်တဲ့ movement တွေလည်း ရှိတယ်လို့ သုံးသပ်ပါတယ်”ဟု မေးခွန်းအပေါ် ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က “ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပို့လိုက်တဲ့ ပုံစံတွေကို သူတို့ဖြည့်စွက်ရမှာ များတယ်ဆိုတာ နားလည်ပါတယ်၊ သူတို့ဘက်က ကော်မရှင်နာရဲ့ ပြောကြားချက်အရဆိုရင် သူတို့လုပ်ရမယ့် လုပ်ငန်းတွေက အခုမြန်မာဘက်က

**စာမျက်နှာ ၁၁ သို့ ✳**



# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့ တွေ့ဆုံ





**နေပြည်တော် ဇန်နဝါရီ ၂၃**

ထိုင်းနိုင်ငံ အငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Prof. Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးကျော်တင်၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မြန်မာပြည်သူ ပြည်သားများသာမက လူ့အဖွဲ့အစည်းအားလုံး အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းနှစ်ရပ်စလုံးအပေါ်တွင် မူတည်နေပါကြောင်း၊ နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့် အထောက်အကူပြုမှုများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံအငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မိမိတို့ အကြံပေးအဖွဲ့တွင် နိုင်ငံရေးနယ်ပယ်နှင့် စီးပွားရေးနယ်ပယ်တို့မှ ပုဂ္ဂိုလ်များလည်း ပါဝင်ပါကြောင်း၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့် အတွေ့အကြုံများကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသို့ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ဖလှယ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ အကြံပေးအဖွဲ့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်သည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအကြံပေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့သည် အကြံပြုချက်များအလိုက် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့အား နေပြည်တော်ရှိ M Gallery Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## NV Card ကိုင်ဆောင်သူများ အခွင့်အရေး အပြည့်အဝရရှိစေရေးဖော်ဆောင်ပေးရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများ ရရှိသင့်သည့်အကျိုးများရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက NV Card ကိုင်ဆောင်ထားသူများရရှိနိုင်သည့် အကျိုး(၈) ခုရှိကြောင်း၊ ထိုအကျိုးများ အမှန်တကယ်ရရှိနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ညီညွတ်စွာ သွားလာခွင့်ပြုရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပဋိပက္ခ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ NV Card ကိုင်ဆောင်ထားပြီး နိုင်ငံသားလျှောက်ထားဆဲ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း အဆင့်မြင့်ပညာများအား သတ်မှတ်ချက်နှင့် ကိုက်ညီသော တက္ကသိုလ်များတွင် တက်ရောက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက်လည်း မြို့နယ်ဆေးရုံများ၊ စစ်တွေဆေးရုံကြီးတို့တွင် အချိန်မရွေးတက်ရောက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်ဖြင့် ခရီးသွားလာရန် ခရီးသွားလာခွင့်ရရှိရေးဆောင်ရွက်မှုများတွင် အဆင့်များ လျှော့ချရမည်ဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ခရီးသွားလာခွင့်ပုံစံ(၄)ထုတ်ပေးပြီး သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များအား အသိပေးပြီး သွားလာခွင့်ပြုသင့်ကြောင်း၊ NV Card ထုတ်ပေးမှုများ၊ နိုင်ငံသားလျှောက်ထားမှုများအား အရှိန်မြှင့်တင်ဆောင်ရွက်ရန်အတွက် စစ်တွေမြို့နယ် သဲချောင်း၊ သက်ကြပြင်နှင့် အောင်မင်္ဂလာရပ်ကွက်များ၊ မြေပုံမြို့နယ်တောင်ပေါ်စခန်းတို့တွင် ကနဦး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင် စခန်းပတ်ဝန်းကျင်ရှိ ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၉၅ ကောင်နှင့် ဆိတ် ၇၆၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* စာမျက်နှာ ၉ မှ

ပို့လိုက်တဲ့ ပုံစံတွေအကုန်လုံးကို ဖြည့်ခိုင်းရမယ်၊ ဖြည့်ခိုင်းဖို့ သူတို့ကကျတော့ UNHCR ရဲ့ အကူအညီယူတယ်၊ UNHCR နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ မနေ့ကပဲ လက်မှတ်ထိုးတယ်လို့ ပြောတယ်၊ အခုမှ လက်မှတ်ထိုးတယ်လို့ ဘင်္ဂလားဒေ့ရှ်သံရုံးက ပြောတယ်၊ အခုမှ ပုံစံတွေ စတင်ဖြည့်စွက်ရမယ့် လုပ်ငန်းလုပ်ရမယ်၊ အစောဆုံးပြန်ခေါ်နိုင်မယ့် အုပ်စုတွေ ကျွန်တော်တို့ဘက်က စစ်ပြီးသားတွေ အဲဒါတွေ ပေးလိုက်တာတောင်မှ ဖြည့်စွက်ဖို့ အချိန်အနည်းငယ် လိုမယ်၊ အဲဒီဟာတွေ ဖြည့်စွက်ပြီးလို့ရှိရင် မိသားစုစာရင်းကို မြန်မာဘက်ကို ပေးပို့ရမယ်၊ မြန်မာဘက်က ပြန်စစ်ပြီး ပြန်လာလို့ရှိရင် ဒီလူတွေကို နယ်စပ်ဘက်ကို သယ်ပို့ရမယ်၊ မပို့ခင်မှာလည်း UNHCR ကနေပြီး သူတို့ကို ဒီလူတွေက တစ်ဦးချင်းစီဆန္ဒအလျောက် ပြန်ချင်တာလား၊ တိုက်တွန်းလို့ ပြန်ချင်တာလားဆိုတာ မေးရမယ်၊ ဆန္ဒအလျောက် ပြန်ချင်တဲ့သူပဲ စိစစ်ပြီး သွားခွင့်ပေးမယ်၊ တကယ်လက်တွေ့ အကောင်အထည်ဖော်မယ့်လုပ်ငန်းတွေက မြေပြင်မှာ များပြားပါတယ်၊ အဲဒီလိုလုပ်ငန်းတွေရှိတာကြောင့် သူတို့ဘက်မှာ ပြင်ဆင်ချိန် တော်တော်လေး လိုအပ်နေသေးတယ်ဆိုပြီးတော့ ဘင်္ဂလားဒေ့ရှ်က ဝန်ခံပြောကြားခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ကတော့ သူတို့ Ready ဖြစ်တဲ့ အချိန်မှာ လက်ခံဖို့ အဆင်သင့်ပါပဲ၊ ကိုယ့်တာဝန်ကတော့ မပျက်စေရဘူး၊ ကိုယ့်တာဝန်မပျက်စေရဘူးဆိုတာပြသဖို့ တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ပြောကြားသည်။

### မဖောက်ဖျက်အောင်

ပြန်လည်လက်ခံသည့်ရက် သတ်မှတ်ချက်အတိုင်းအတာ ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “ကျွန်တော်တို့ကတော့ ဒီ ၂၃ ကစပြီး နေ့တိုင်းဖြစ်နေပြီ၊ အခုနတုန်းက ဝန်ကြီးပြောသလိုပဲ တစ်ဖက်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေလည်း ရှိနိုင်တယ်၊ ပြန်ပို့ပြီဆိုတဲ့ ရက်က ကျွန်တော်တို့ လက်ခံတဲ့ရက်ပဲ၊ ၂၃ ရက်ကနေစပြီး တောက်လျှောက် လက်ခံလို့ရတယ်၊ နောက်ဘယ်ရက်ကို သတ်မှတ်တယ်ဆိုပြီး အဲဒါမျိုးမှ မရှိတာ၊ ဆက်တိုက် ၂၃ ရက်မှစ၍ နေ့တိုင်း လက်ခံလို့ရပါတယ်” ဟု ဖြေကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း “ကျွန်တော်တို့ဘက်က သတ်မှတ်ချိန် ဇန်နဝါရီ ၂၃ ရက်ဆိုတဲ့အတိုင်း ကိုယ့်ဘက်က မဖောက်ဖျက်အောင် မချိုးဖောက်အောင် လိုက်နာပြီး ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ဘက်က တာဝန်ကျေပါတယ်၊ သူတို့ဘက်က အခက်အခဲရှိတာကိုတော့ နားလည်ရမယ်၊ သူတို့ဘက်က ဘယ်တော့ ဖြစ်မလဲ၊ ဒါကတော့ သူတို့ဘက်က Ready ဖြစ်တဲ့နေ့ အကြောင်းကြားလာရင် ကျွန်တော်တို့ဘက်က လက်ခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဖြည့်စွက်ဖြေကြားသည်။

လွတ်လပ်စွာ သတင်းရယူခွင့်နှင့်ပတ်သက်ပြီး အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အားလုံးသိရှိသည့်အတိုင်း မီဒီယာများကို အသုတ်လိုက် ခေါ်ဆောင်သွားလျက်ရှိပါကြောင်း၊ ယခုရောက်ရှိနေသည့် Rakhine Advisory Board နှင့်အတူ မီဒီယာအဖွဲ့ကိုလည်း ခေါ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါ အဖွဲ့တွင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာသမား ၁၇ ယောက် ပါဝင်မည်ဟု သိရှိရပါကြောင်း ပြောကြားသည်။

### ပြဿနာမပေါ်အောင်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက “လွတ်လွတ်လပ်လပ်သတင်းယူလို့ရပါတယ်၊ အခုခေတ် အခုအခါမှာ လွတ်လပ်မှုအပြည့်ရှိပါတယ်၊ သို့သော် ဒီနယ်စပ်ဒေသမှာတော့ လုံခြုံရေးက အရေးကြီးတဲ့အတွက် ဒီလိုစတင်တဲ့အချိန်မှာ ပြေပြေလည်လည်ဖြစ်အောင်၊ ပြဿနာမပေါ်အောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်နေတာပဲဖြစ်ပါတယ်၊ မီဒီယာတွေကိုတော့ ကျွန်တော်တို့ သွားခွင့်ပေးမှာပါ” ဟုလည်း ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြမ်းဖက်စာရင်း ပေးပို့ထားခြင်းနှင့်ပတ်သက်ပြီး နောက်ဆုံးအခြေအနေကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက “လောလောဆယ် အားလုံးသိတဲ့အတိုင်းပဲ သတင်းစာထဲမှာလည်းထည့်ထားပြီးပါပြီ၊ ဒီအကြမ်းဖက်နဲ့ ပတ်သက်တဲ့ ပါဝင်ပတ်သက်နေတဲ့လူတွေကို ကျွန်တော်တို့က အတိအကျဓာတ်ပုံနဲ့တကွ ထုတ်ပြန်ထားတာရှိပါတယ်၊ ဒါကိုလည်းကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ်ဘက်ကိုလည်း ပေးပြီးပါပြီ၊ နိုင်ငံတကာ Interpol ကိုလည်း ပို့ပြီးဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က “ကျွန်တော်ဖြည့်စွက်ပြောရင် Immigration ကိုလည်း မေးမြန်းကြည့်ပါ၊ စိစစ်တဲ့အခါမှာ ဟိုမှာ လက်ခံမယ့် Team တွေမှာ ကွန်ပျူတာတွေပါ ရောက်ရှိနေပြီ၊ အဲဒီမှာ သူတို့ရဲ့ Bio Data တွေပါ ယူဖို့ရှိတယ်၊ သူတို့ဒီမှာ နေသွားတဲ့ လူတွေ ဟုတ်၊ မဟုတ်ဆိုတာ ကျွန်တော်တို့ စာရင်းနဲ့တိုက်ဖို့ တစ်ခုရှိတယ်၊ ဒီလူတွေဟာ မိမိတို့ဆီမှာရှိတဲ့စာရင်းနဲ့ အကြမ်းဖက်သမားတွေ ပါ၊ မပါ စိစစ်ဖို့ရှိပါတယ်၊ အဆင့်နှစ်ဆင့်ရှိပါတယ်၊ တကယ်လို့ အကြမ်းဖက်သမားတွေပါလာရင် လိုအပ်တဲ့ အရေးယူမှုတွေ ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေကိုလည်း ပြုလုပ်ထားပါတယ်”ဟု ပြောသည်။

### အကြမ်းဖက်သမားတွေ

တစ်ဖက်နိုင်ငံမှ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိပြီး လွှဲပြောင်းပေးမှု ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က “ကျွန်တော်တို့ ဘက်ကတော့ အကြမ်းဖက်သမားတွေနဲ့ပတ်သက်ပြီး စာရင်းတွေကို ပေးထားပါတယ်၊ အားလုံးလည်းသိအောင် ကြေညာထားပါတယ်၊ သူတို့ဘက်ကတော့ အခုချိန်မှာ ကျွန်တော်သိသလောက် ဒါတွေနဲ့ပတ်သက်ပြီး လွှဲပြောင်းပေးတာ မရှိသေးပါဘူး၊ စဖြစ်ဖြစ်ချင်း အောက်တိုဘာ ၉ ရက်တုန်းကတော့ နှစ်ယောက်လွှဲပြောင်းပေးခဲ့ဖူးတဲ့ သာဓကတော့ ရှိပါတယ်၊ သူတို့ကိုယ်တိုင်ကလည်း မူအားဖြင့်တော့ အကြမ်းဖက်ဝါဒကို အားမပေးဘူးဆိုတာမျိုးတော့ ပြောထားပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီး ပို့လိုက်တဲ့ လူတွေနဲ့ပတ်သက်ပြီးတော့ သူတို့ဆီက ပြန်ကြားချက်တစ်စုံတစ်ရာ မရရှိသေးပါဘူး”ဟု ဖြေကြားသည်။

အကြမ်းဖက်သမားများနှင့်စပ်လျဉ်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က “အကြမ်းဖက်သမားကို လက်မခံဘူးဆိုတာ နှစ်နိုင်ငံ သဘောတူညီပြီးသားပါ၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း သူတို့မြေပေါ်မှာ လက်မခံဘူး၊ မြန်မာနိုင်ငံအနေနဲ့ကလည်း အကြမ်းဖက်သမားတွေကို လက်မခံဘူး၊ အကြမ်းဖက်သမားဆိုတာမျိုးက ချိုပါတာ မဟုတ်ဘူးလေ၊ အဲဒီစခန်းတွေထဲမှာ ရှိနိုင်သလို၊ အခြားမမြင်ရတဲ့နေရာတွေမှာလည်း ရှိနိုင်တာပဲ၊ ဒါတွေကို နှစ်နိုင်ငံပေါင်းပြီး ဖမ်းပေးမယ်ဆိုပြီး ပြည်ထဲရေးဝန်ကြီးဌာနချင်းလည်း ညှိနှိုင်းသဘောတူညီပြီးသားဖြစ်တယ်၊ မြန်မာနိုင်ငံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြည်ထဲရေးဝန်ကြီးနဲ့ အဖွဲ့ကိုယ်တိုင်လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလက လာရောက်ခဲ့ပြီး ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးအဆင့်လည်း လာမယ့်လမှာ သွားရောက်ပြီး နှစ်နိုင်ငံနယ်နိမိတ်မှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်သမားတွေကို ဖော်ထုတ်ဖမ်းဆီးဖို့ သဘောတူညီပြီးသားဖြစ်ပါတယ်”ဟု ပြောသည်။

### အားလည်းအားကိုး

ပြန်လည်လက်ခံရေးအချိန်ကန့်သတ်ချက် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “ကျွန်တော်တို့ဘက်ကတော့ Save and Voluntary ဆိုတဲ့ သဘောတူညီချက်အတိုင်း အပြည့်အဝ ဆောင်ရွက်နေပါတယ်၊ အဲဒီအတွက်ကို ကျွန်တော်တို့အနေနဲ့ လက်ခံဖို့အတွက် အသင့်ဖြစ်နေပါတယ်လို့ ပြောချင်ပါတယ်၊ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး တကယ်ပဲ စိတ်ဝင်တစား ရောက်ရှိပြီး တကယ်ကို ဒုက္ခခံပြီး လာရောက်ကြတဲ့ သူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ကလည်း အများကြီး အလေးထားသလို အားလည်းအားကိုးပါတယ်၊ ကျွန်တော်တို့ သတင်းအမှန်တွေကို ဖြန့်ဖို့အတွက် မီဒီယာတွေရှိမှ ရမှာဖြစ်တဲ့ အတွက်ကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး ပထမလျာထားချက်က နှစ်နှစ်ဖြစ်ပါတယ်၊ အခြေအနေအရ နှစ်နှစ်ထက်လည်း စောပြီးတော့ ပြီးချင်လည်း ပြီးနိုင်တယ်၊ ပိုလည်းကြာနိုင်တယ်၊ သတ်မှတ်ထားတာတော့ နှစ်နှစ်အတွင်းမှာဆိုတာ သတ်မှတ်ထားပါတယ်၊ လက်ခံမယ့်သူ စုစုပေါင်းအရေအတွက်ကို မသတ်မှတ်ပါဘူး၊ တကယ်လို့ မူနဲ့ ကိုက်ညီတယ်၊ ပြန်လာဖို့ အရည်အချင်းနဲ့ပြည့်စုံတယ်၊ ကျွန်တော်တို့လက်ခံနိုင်တဲ့ သတ်မှတ်ချက်တွေနဲ့ ပြည့်စုံရင် ရပါတယ်”ဟု ဖြေကြားသည်။

**သတင်းစဉ်**

## YBS ဘတ်စ်ကားလမ်းကြောင်းများနှင့် Water Bus၊ မြို့ပတ်ရထား၊ လေဆိပ်တို့သို့ ယာဉ်လိုင်းခရီးစဉ်များ ချိတ်ဆက်ပြေးဆွဲပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**




ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသည့် YBS ဘတ်စ်ကားလမ်းကြောင်းများနှင့် ရေကြောင်းပို့ဆောင်ရေး Water Bus ၊ ရန်ကုန်မြို့ပတ်ရထားဘူတာများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

YBS စနစ် စတင်ပြောင်းလဲဆောင်ရွက်ခဲ့သည့် တစ်နှစ်တာအလွန် ဒုတိယနှစ် စီမံကိန်းတွင် YBS ဘတ်စ်ကားလမ်းကြောင်းများနှင့် Water Bus၊ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်၊ ရန်ကုန်လေဆိပ်တို့သို့ ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲပေးနိုင်ရေးကို အဓိကထား အကောင်အထည်ဖော်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က YBS တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားခဲ့သည်။

ယင်းတွင် ကနဦး စတင်ပြေးဆွဲမှုအရ ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီတစ်ခုဖြစ်သော လူထုမိတ်ဆွေအများပိုင်ကုမ္ပဏီက ဘတ်စ်ကားသစ်များဖြင့် YBS ယာဉ်လိုင်းသစ်နှစ်လိုင်း ပြေးဆွဲသွားမည်ဖြစ်ပြီး လှော်ကားဂိတ်ရင်းမှ ရန်ကုန်ဘူတာကြီးသို့ လည်းကောင်း၊ အနောက်ပိုင်းတက္ကသိုလ် (ထန်းတပင်) ဂိတ်ရင်းမှ ဘူတာကြီးသို့ လည်းကောင်း ယာဉ်အစီးရေ ၅၀ စီဖြင့် ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းအပြင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သည့် ဘက်စုံမြင်ကွင်းကုမ္ပဏီကလည်း ရန်ကုန်လေဆိပ်နှင့် ရန်ကုန်ဘူတာကြီးသို့ ယာဉ်အစီးရေ ၅၀ ဖြင့် ပြေးဆွဲသွားရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ပြေးဆွဲခွင့် ချထားပေးပြီးဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ရေကြောင်း သယ်ယူပို့ဆောင်ရေး ဖြစ်သည့် Yangon Water Bus ဆိပ်ကမ်းမှတ်တိုင်များနှင့် YBS ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲနေသည့် Bus Operator ပေါင်း ၂၂ ခုရှိပြီး ယာဉ်အစီးရေ ၅၃၀၀ ရှိကြောင်း သိရသည်။ ထပ်မံ၍ ပုဂ္ဂလိကကဏ္ဍမှ ဝယ်ယူတင်သွင်းထားသော ယာဉ်များ၊ အစိုးရအစီအစဉ်ဖြင့် ဝယ်ယူထားသော လိုင်းပြေးဆွဲရန်ကျန်ရှိနေသည့် ယာဉ်အသစ်များ အပါအဝင် စုစုပေါင်း အစီး ၁၀၀၀ နီးပါးခန့်ရှိနေပြီး ခရီးသည်များ၏ လိုအပ်ချက်အပေါ်မူတည်၍ ယာဉ်လမ်းကြောင်းအသစ်များအပြင် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍရှိ ရထား၊ ဘတ်စ်၊ လေဆိပ်၊ ဆိပ်ကမ်းတို့ကို ချိတ်ဆက်ပြေးဆွဲနိုင်ရေး အကောင်အထည်ဖော်သွားမည်ဟု သိရသည်။

**ဝဝ၁**

## ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၍ တရားလိုကို စတင်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ပြီး အမှုနှင့်ပတ်သက်၍ တရားလိုဖြစ်သူကို စတင်စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က “ဒီကနေ့မှာတော့ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄ မှာ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး (ခေါ်) မိုးအောင်တို့နှစ်ဦးကို မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ တရားစွဲဆိုတင်ပို့တဲ့ အမှုနဲ့ပတ်သက်ပြီး တရားလိုဖြစ်တဲ့ ဒုတိယရဲမှူးကြီး ယုနိုင်ကို စစ်ဆေးပါတယ်၊ ဒ့ါအပြင် အရင်အပတ်ရုံးချိန်းတုန်းက တရားစွဲဆိုခံရသူတွေဘက်က အာမခံလျှောက်ထားတဲ့အပေါ် ဒီကနေ့မှာ နှစ်ဖက် လျှောက်လွှဲချက် ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ပါတယ်”ဟု ပြောကြားသည်။

အဆိုပါ တရားစွဲဆိုခံရသူ ရိုက်တာသတင်းထောက်နှစ်ဦးမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ ၃(၁)(ဂ) တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံး၌ စတင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အမှုကို မြောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၁ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ တရားလိုပြသက်သေ ၂၅ ဦး အနက် တရားလိုပြသက်သေ တစ်ဦးကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည့်အပြင် အာမခံ လျှောက်ထားမှုအပေါ် အမိန့်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

## ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ်သိန်း ၁၃၅၀ တန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ယနေ့မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း စက်မှုပန်းခြံအနီး၌ ခွန်ချစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ မော်တော်ယာဉ်၏ နောက်ခန်းရှိ စက္ကူပုံးများအတွင်းမှ ဘိန်းစိမ်း ၇၅ ထုပ် (ဘိန်းစိမ်း အလေးချိန် ၉၀ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခွန်ချစ်ဦး ၂၂ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ရေဆင်းနယ်မြေရဲစခန်းမှ သေမှုသေခင်းအား ဆက်လက်စုံစမ်းစစ်ဆေးရာ လူသတ်မှုပေါ်ပေါက်



**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက်တွင် ဆေးကုသမှုခံယူနေသည့် အမျိုးသမီးတစ်ဦး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် သေဆုံးသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ညောင်ပင်ကြီးကျေးရွာနေ မစန္ဒာမြင့် (၁၂)နှစ်ဖြစ်ကြောင်း သိရသည်။

မိခင်ဖြစ်သူ မသက်နှင်းဝေ (၂၈)နှစ်၏ ပြောကြားချက်အရ ဇန်နဝါရီ ၃ ရက် ညနေက မစန္ဒာမြင့်အား ရေထမ်းပုံးဖြင့် ရေသွားခပ်ခိုင်းခဲ့စဉ် နေအိမ်ရှေ့၌ ချော်လဲခဲ့ကြောင်း၊ ထို့နောက် နေအိမ်ပေါ်သို့တက်သွားခဲ့ကြောင်းနှင့် ၁၀ မိနစ်ခန့်အကြာ နေအိမ်အောက်တွင်ထားသည့် ထင်းချောင်းများအား ယူခိုင်းခဲ့ရာ ဆင်းလာစဉ် လှေကားထစ်မှ ပြုတ်ကျခဲ့၍ ဒဏ်ရာများရရှိခဲ့သောကြောင့် ဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် ရေဆင်းနယ်မြေရဲစခန်း၌ သေမှုသေခင်းအမှတ် (၃/၂၀၁၈) ဖြင့် အမှုဖွင့်စစ်ဆေးသည်။

အမှုမှ ဆေးစာစစ်ဆေးပေါ်ပေါက်ချက်အရ တပ်ဖွဲ့ဝင်များက မသက်နှင်းဝေအား ထပ်မံစစ်ဆေးခဲ့ရာ အခင်းဖြစ်နေ့တွင် နေအိမ်ခြံဝင်းအတွင်း၌ အပင်စိုက်နေစဉ် သမီးဖြစ်သူ မစန္ဒာမြင့်အား သံတူရွင်းပြားယူခိုင်းသည်ကို သမီးဖြစ်သူက တစ်ခုပြီးတစ်ခုခိုင်းနေတာပဲဟု ပြောကာ သံတူရွင်းပြားအား ပစ်ချခဲ့သဖြင့် ဒေါသထွက်ပြီး သံတူရွင်းပြားဖြင့် ဦးခေါင်းကို ရိုက်လိုက်၍ ဦးခေါင်းယာချိုစောင်းတွင် စုတ်ပြဲဒဏ်ရာရရှိခဲ့ကြောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် မစန္ဒာမြင့်မှ ဗိုက်အောင့်သည်ဟုပြောသဖြင့် ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်နှင်းဝေအား ရေဆင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ဝေလငါးဟုယူဆရသော ငါးကြီးအသေတစ်ကောင်အား ဒေသခံရေလုပ်သားများတွေ့ရှိ၍ စက်လှေဖြင့် ဆွဲယူလာ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာအုပ်စု ကုန်းသာယာကျေးရွာအနီး ပင်လယ်ပြင်ရှိ ရေအနက်သုံးပေရှိပြီး သဘာဝအလျောက်ဖြစ်ပေါ်နေသော (ဒေသအခေါ်) "ကန့်လန့်"ဟုခေါ်သည့် သဲခုံပေါ်၌ ဝေလငါးဟုယူဆရသော ငါးကြီးအသေတစ်ကောင်အား ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲက ငါးဖမ်းပြီးပြန်လာသော စက်လှေတစ်စင်းက တွေ့ရှိကာ ကမ်းစပ်သို့ ဆွဲယူလာကြောင်း သိရသည်။

ပင်လယ်ကမ်းစပ်သို့ စက်လှေဖြင့် ဆွဲယူလာကြသူများမှာ ကုန်းသာယာကျေးရွာနေ ဦးအောင်ဝင်းနှင့် သားဖြစ်သူ ကိုအေးမင်း၊ ဦးငွေးဝင်းတို့ ရေလုပ်သားသုံးဦးဖြစ်ကြောင်း၊ ငါး၏အရှည်မှာ ၂၃ ပေခန့်ရှိကြောင်း၊ ငါးကြီးအသေတစ်ကောင်အားစက်လှေဖြင့် ဆွဲယူလာပြီး ပင်လယ်ကမ်းစပ်သို့ ရောက်ရှိနေသောသတင်းကြောင့် စိတ်ဝင်တစား လာရောက်ကြည့်ရှုသူများပြားခဲ့ကြောင်း သိရသည်။

သေဆုံးနေသည့် ဝေလငါးဟုယူဆရသော ငါးကြီးနှင့်ပတ်သက်၍ အုတ်တွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့က သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အကြောင်းကြားထားပြီး ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနက လာရောက်ကြည့်ရှုစစ်ဆေးမှုများဆောင်ရွက်လျက်ရှိပြီး ငါးအရိုးစုရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# တရားမဝင်သစ်များ သယ်ဆောင်လာမှု သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ စစ်ဆေးလျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သစ်များတင်ဆောင်လာမှုအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇန်နဝါရီ ၂၂ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ လားရှိုးမှ မူဆယ်သို့ သွားရောက်မည့် Toyota Wish ယာဉ်၏ နောက်ဖုံးထဲတွင် စောင်စများနှင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်သစ်ခွဲသား ဆိုဒ်မျိုးစုံ ၁၆၃၂ ချောင်း၊ ၁ ဒသမ ၀၈၀၈ တန်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၇၄၂ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်စစ်ဆေးခဲ့သည်။ ဇန်နဝါရီ ၂၂ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည် တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၄၇၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၆၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၀၈၈ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇန်နဝါရီ ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၁၁၂၆ စီး၊ သွင်းကုန် ၁၀၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **၀၀၁**

# မြစ်ကြီးနား ကမ္ဘောဇမီနီဘဏ်တွင် လုယက်မှုဖြစ်ပွား

**မြစ်ကြီးနား ဇန်နဝါရီ ၂၃**

မြစ်ကြီးနားမြို့ မြို့မဈေး ပထမထပ်ရှိ ကမ္ဘောဇဘဏ် မီနီဘဏ်သို့ ဇန်နဝါရီ ၂၃ ရက် ဘဏ်ပိတ်ချိန်နောက်ပိုင်း ညနေ ၃ နာရီကျော်ခန့်တွင် လူလေးဦး ရုတ်တရက်ဝင်ရောက်လာပြီး ဘဏ်အတွင်းရှိ ဝန်ထမ်းများအား အသင့်ယူဆောင်လာသော ပစ္စတိုသေနတ်နှင့် အခြား လက်နက်များဖြင့် ခြိမ်းခြောက်ကာ ဘဏ်မှ ငွေကျပ် သိန်း ၉၂၀ ကျော်ကို လုယူထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်အနေဖြင့် မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းသို့ ဥပဒေနှင့်အညီ အမှုဖွင့်တိုင်ကြားထားပြီး လုယက်သွားသူများအား အလျင်အမြန် ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာက ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ **၀၁၀**

# အမြန်လမ်းမကြီး၌ Express ယာဉ်တစ်စီး မီးလောင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ပေပင်လေးအမြန်လမ်းပိုင်း မိုင်တိုင် ၂၇၆/၀ အနီး နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း မင်းနိုင်မောင်းနှင်လာသော စည်းစိမ်ရှင် Express ယာဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က အင်ဂျင်ခန်းမှ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့သည်။



ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါသုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ယာဉ်တစ်စီးလုံး မီးလောင်ခဲ့၍ ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၅၀ ခန့် ဆုံးရှုံးသွားကြောင်း သိရသည်။ သို့ပါ၍ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်ထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ - (အမြန်လမ်းရဲတပ်ဖွဲ့)**

# လှိုင်သာယာစက်မှုဇုန်(၄)၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာအုပ်စု စက်မှုဇုန်(၄) ရန်ကုန်-ပုသိမ်လမ်းနှင့် မင်းကြီးမဟာမင်းခေါင်လမ်းကြားရှိ ဦးစိုးဝင်း အသက်(၆၀) (ကျန်းမာရေးချို့တဲ့)ကျူးကျော်နေအိမ်တွင် နေထိုင်သူသည် ထင်းမီးဖြင့် ရေနွေးအိုးတည်ထားပြီး မေ့လျော့၍ အိပ်ပျော်သွားစဉ် မီးဖိုအနီးတွင် ကာရံထားသော ဓနိများကို မီးလောင်မှုဖြစ်ပွားခဲ့သည်။



နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် စတင်လောင်ကျွမ်းရာ ကျူးကျော်တဲအလုံး ၇၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဦးစိုးဝင်းမှာ နေရာတွင် သေဆုံးခဲ့ပြီး ဒေါ်မြင့်မြင့်စန်း (၄၆)နှစ် ဒဏ်ရာရ (မစိုးရိမ်ရ)ကို လှိုင်သာယာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသနိုင်ခဲ့သည်။ မီးလောင်ရာနေရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ရောက်ရှိကွပ်ကဲဆောင်ရွက်ခဲ့ပြီး မီးသတ်ယာဉ် ၂၄ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ အထောက်အကူယာဉ် ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။ မီးဘေးဒုက္ခသည်များအား ရေဥက္ကံကျေးရွာအုပ်စု သောင်ကြားဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး မီးလောင်မှုကို လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်တွင် ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားဝင်း(၅)လမ်းအလယ်နေ ဇော်လင်းမောင် (၂၄)နှစ်သည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိမိကိုယ်မိမိ နေအိမ်နောက်ဖေး မီးဖိုချောင်ထုပ်တန်းပေါ်၌ ကြိုးဆွဲချသေဆုံးသွားခဲ့သည်။

အဆိုပါကြိုးဆွဲချသေဆုံးမှုနှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ညာဏ်ဟိန်း**

# မန်ယူရဲ့ ဂန္ထဝင်ကျောနံပါတ်(၇)ဝတ်ဆင်ကစားမယ့် (၁၃)ဦးမြောက်ကစားသမား ဆန်းချက်ဇ် ဖြစ်လာ




ပရီမီယာလိဂ်ကလပ်မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား မစ်ခီတာယန်အား အာဆင်နယ်အသင်းကို ရောင်းချခဲ့ပြီးနောက် အာဆင်နယ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပါပြီ။

ချီလီကြယ်ပွင့်ကစားသမား ဆန်းချက်ဇ်ဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်စီးတီးအသင်းကိုပြောင်းရွှေ့ဖို့ နီးစပ်မှုရှိခဲ့သူဖြစ်ပေမယ့် လက်ရှိမှာတော့ မန်ချက်စတာမြို့ခံပြိုင်ဘက်ဖြစ်တဲ့ မန်ယူအသင်းက တစ်နှစ်လုပ်ခလစာ ပေါင် ၁၄ သန်းနဲ့ လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

မစ်ခီတာယန်နဲ့ ဆန်းချက်ဇ်တို့ဟာ ဆန့်ကျင်ဘက်ဆန်တဲ့ပြောင်းရွှေ့မှုအနေနဲ့ မစ်ခီတာယန်ဟာ အာဆင်နယ်ကို ပြောင်းရွှေ့ခဲ့သလို ဆန်းချက်ဇ်ကလည်း မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး မစ်ခီတာယန်ဟာ မန်ယူအသင်းအတွက် ပွဲပေါင်း ၆၃ ပွဲကစားပေးခဲ့ကာ သွင်းဂိုး ၁၃ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အလက်ဇစ်ဆန်းချက်ဇ်ကတော့ အာဆင်နယ်အသင်းကို ဘာစီလိုနာအသင်းကနေ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ယမန်နှစ်ဘောလုံးရာသီက အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၃၀ သွင်းယူပေးခဲ့သူဖြစ်ပါတယ်။

ဆန်းချက်ဇ်ဟာ ၂၀၁၄ ခုနှစ်က အာဆင်နယ်အသင်းကို ရောက်ရှိခဲ့ပြီးချိန်ကစလို့ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၈၀ အထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းရရှိခဲ့တဲ့ သွင်းဂိုး ၁၂၀ ဂိုးမှာ ဆန်းချက်ဇ်ရဲ့ သွင်းဂိုးနဲ့ ဖန်တီးမှုတွေက အဓိကကျခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာတော့ အလက်ဇစ်ဆန်းချက်ဇ်ဟာ မန်ယူအသင်းကို တရားဝင်ပြောင်းရွှေ့လာခဲ့ပြီဖြစ်ပြီး မန်ယူအသင်းမှာ အသင်းရဲ့ ဂန္ထဝင်ကစားသမားများသာ ဝတ်ဆင်ကစားလေ့ရှိတဲ့ ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားမယ်လို့သိရပါတယ်။

မန်ယူအသင်းရဲ့ သမိုင်းကိုကြည့်မယ်ဆိုရင် ကျောနံပါတ်(၇)ဝတ်ဆင်ကစားခဲ့တဲ့ကစားသမား ၁၂ ဦးသာရှိခဲ့ပြီး အဲဒီကစားသမားတွေကတော့ ဂျော့ဘတ်(၁၉၆၅-၁၉၆၆)၊ ကလေတန်ဘလက်မိုး (၁၉၈၅-၁၉၉၁)၊ လီရှားပီ(၁၉၉၀-၁၉၉၁)၊ဘရိုင်ယန်ရော့ဆင်(၁၉၈၂-၁၉၉၂)၊ကန်ချယ်လ်စကစ်(၁၉၉၁-၁၉၉၅)၊အဲရစ်ကန်တိုနာ(၁၉၉၂-၁၉၉၇)၊ ဒေးဗစ်ဘက်ခမ်း(၁၉၉၇-၂၀၀၃)၊ စီရိုနယ်လ်ဒို(၂၀၀၃-၂၀၀၉)၊ မိုက်ကယ်အိုဝင်(၂၀၀၉-၂၀၁၂)၊ ဗလန်စီယာ(၂၀၁၂-၂၀၁၄)၊ ဒီမာရီယာ(၂၀၁၄-၂၀၁၅)၊ မက်ဖစ်ဒီပေး (၂၀၁၅-၂၀၁၇)တို့ဖြစ်ပြီး ဆန်းချက်ဇ်ကတော့ မန်ယူအသင်းရဲ့ ကျောနံပါတ်(၇)ဝတ်ဆင်ကစားမယ့် ၁၃ ဦးမြောက်ကစားသမားလည်းဖြစ်လာတော့မှာဖြစ်ပါတယ်။

# လာပေ့ါတီအား ပေါင်သန်း ၆၀ ဖြင့် မန်စီးတီး ခေါ်မည်

မန်စီးတီးအသင်းသည် ဘီဘာအိုအသင်း၏ ဗဟိုခံစစ်မှူး လာပေ့ါတီအား ခေါ်ယူရန် ပေါင်သန်း ၆၀ သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ပြင်သစ်ဗဟိုခံစစ်မှူး လာပေ့ါတီ၏ ကာလရှည်ကြာပရိသတ်တစ်ဦးဖြစ်ခဲ့ပြီး ယမန်နှစ်နွေရာသီအပြောင်းအရွှေ့ကတည်းက လာပေ့ါတီကို ခေါ်ယူရန် စိတ်ဝင်စားနေခဲ့ခြင်းဖြစ်သည်။ နောက်တန်းကစားသမား လာပေ့ါတီသည် လက်ရှိတွင် ဘီဘာအိုအသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၂၀ ပြည့်နှစ် ရောက်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း မန်စီးတီးအသင်းအနေဖြင့် ပေါင်သန်း ၆၀ ပေးကာ ခေါ်ယူနိုင်ရေး တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ လာပေ့ါတီသည် ဥရောပ၏ စိတ်ဝင်စားမှုအကောင်းဆုံးသော လူငယ်ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်နေပြီး ချယ်လ်ဆီးအသင်း၊ ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း လာပေ့ါတီအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။ ပြင်သစ်လူငယ်ကစားသမား လာပေ့ါတီသည် ၂၀၁၀ ပြည့်နှစ်အတွင်းက ဘီဘာအိုအသင်းသို့ရောက်ရှိလာခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်က အသင်းကြီးတွင် ပါဝင်ပွဲထွက်ကစားခွင့် ရရှိခဲ့သူဖြစ်သည်။ လာပေ့ါတီသည် ဘီဘာအိုအသင်းတွင် ယခုနှစ်ဘောလုံးရာသီ၌ ၂၇ ပွဲပါဝင် ကစားပေးခဲ့ကာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးထားသည်။ မန်စီးတီးအသင်းမှာမူ နောက်ခံလူကွန်ပနီဒက်ရာပြဿနာ ကြုံနေခြင်းကြောင့် ၎င်းနေရာတွင် အားဖြည့်ရန် လာပေ့ါတီကို စိတ်ဝင်စားနေခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူဖို့ ခက်ခဲဦးမယ့် ဗလန်စီယာ

## ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၂၁

ရှိုင်းမင်းမင်း - ရေးသားသည်

**စပိန်လာလီဂါပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်တွေမှာ ကျင်းပသွားဦးမှာဖြစ်ပါတယ်။ ပွဲစဉ် (၂၀)မှာတော့ နာမည်ကြီး ဗလန်စီယာတို့ ရှုံးပွဲကြုံခဲ့ပြီး ဗလန်စီယာဟာအခုကစားမယ့်ပွဲစဉ် (၂၁) မှာလည်း ရီးယဲလ်ကိုအိမ်ကွင်းမှာလက်ခံကစားရမှာဖြစ်တာကြောင့် နိုင်ပွဲပြန်ရပါ့မလားစောင့်ကြည့်ရမယ်။**

### ဘီဘာအို - အီဘား နံနက် ၂း၃၀ (၂၇-၁-၁၈)

ဘီဘာအိုခြေစွမ်းကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း ဂီတာဖေးကို အဝေးကွင်းမှာ သရေကစားနိုင်ခဲ့သလို အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ အီဘားကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့်လည်း အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းက သိသိသာသာ အားနည်းတတ်ပါတယ်။ ဘီဘာအိုနိုင်ပွဲရသွားနိုင်ပါတယ်။

### ဒီပို့တီဗို - လီဗန်တေး ည ၆း၃၀ (၂၇-၁-၁၈)

နှစ်သင်းစလုံးဟာ အမှတ်ပေးဇယား အောက်ပိုင်းနားကိုရောက်ရှိနေလို့ နိုင်ပွဲရအောင်တိုက်စစ်ဖွင့်ကစားကြမှာဖြစ်တယ်။ ဒီပို့တီဗိုဟာ ခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းအနည်းငယ်အားနည်းမှုရှိပေမယ့် တိုက်စစ်ကစားအားကတော့ ကောင်းမွန်ပါတယ်။ လီဗန်တေးကလည်း ဒီပွဲမှာ ရလဒ်ကောင်းအောင် ပြင်ဆင်လာမှာပါ။ သွင်းဂိုးနည်းမယ့်ပွဲ ဖြစ်နိုင်ပြီး ဒီပို့တီဗိုကသာအိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဗလန်စီယာ - ရီးယဲလ် ည ၉း၄၅ (၂၇-၁-၁၈)

နောက်ဆုံးပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တဲ့ ဗလန်စီယာအနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေသလို ဗလန်စီယာရဲ့ရှန်းအားက အိမ်ကွင်းပွဲတွေမှာဆိုရင် ပိုမိုကောင်းမွန်တတ်ပါတယ်။ ရီးယဲလ်ကတော့ အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ရီးယဲလ်တို့နိုင်ပွဲရဖို့ရှုန်းကန်ရနိုင်ကာ အနိုင်ရခဲ့မယ်ဆိုရင်လည်း ဂိုးပြတ်ဖို့ခက်ခဲလွန်းပါတယ်။

### မာလာဂါ - ဂျီရိုနာ နံနက် ၀၀း၀၀ (၂၈-၁-၁၈)

မာလာဂါဟာဒီရာသီမှာတန်းမဆင်းရရေးကိုသာ ဦးတည်ကစားရမှာဖြစ်ပြီး ခြေစွမ်းဆိုးရွားနေဆဲဖြစ်ပေမယ့် အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာ အမှတ်ရယူဖို့မျှော်လင့်ကြိုးပမ်းမှာဖြစ်ပါတယ်။ ဂျီရိုနာကတော့ ဒီရာသီမှာခြေစွမ်းကောင်းတွေပြသနေတဲ့အသင်းဖြစ်တယ်။ နောက်ပိုင်းကစားခဲ့တဲ့ပွဲစဉ်တွေမှာ တိုက်စစ်စွမ်းရည်ပြသနေပြီး ဂိုးတွေသွင်းယူနေပါတယ်။ နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ သွင်းဂိုးတွေ များပြားနိုင်ပါတယ်။ အသင်းလိုက်ကစားအားပိုကောင်းနေတဲ့ ဂျီရိုနာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဗီလာရီးယဲလ် - ဆိုစီဒက်စ် နံနက် ၂း၁၅ (၂၈-၁-၁၈)

ပထမရာသီဝက်ပွဲစဉ်မှာ ဆိုစီဒက်တို့ ဂိုးပြတ်နိုင်ပွဲရရှိထားခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာတော့ ဗီလာရီးယဲလ်တို့ နိုင်ပွဲပြန်ရအောင် ရုန်းကန်ကစားဖို့ရှိနေပါတယ်။ လက်ရှိခြေစွမ်းမှာလည်းနှစ်သင်းစလုံးခြေစွမ်းကွာဟမှုကျဉ်းမြောင်းနေပြီး အိမ်ရှင်အားနဲ့ဗီလာရီးယဲလ်က အနည်းငယ်အသာရနိုင်ပါတယ်။ ဗီလာရီးယဲလ်တိုက်စစ်ပိုင်းမှာ ဘာကာ၊ ကက်စတီလီဂျိုစတဲ့ ကစားသမားတွေ ခြေစွမ်းပြသနေလို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်ရသွားမှာပါ။

### လီဂါနက်စ် - အက်စ်ပန်ညို ညနေ ၅း၃၀ (၂၈-၁-၁၈)

လီဂါနက်စ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ဘုရင့်ဖလားအိမ်ကွင်းပွဲစဉ်မှာ ခြေစွမ်းမာကျောမှုတစ်ခုကိုပြသနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်ကို ကစားရခက်ခဲစေခဲ့ပါတယ်။ အက်စ်ပန်ညိုကလည်းခြေစွမ်းကောင်းရပြီး ဘာစီလိုနာကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လီဂါနက်စ်တို့ အိမ်ကွင်းမှာ အက်စ်ပန်ညိုတို့ခြေစွမ်းပြ နိုင်ပွဲရယူဖို့တော့ခက်ခဲနိုင်ပါတယ်။ လီဂါနက်စ်ဟာအသင်းလိုက်စုဖွဲ့မှုကောင်းတဲ့အသင်းတစ်သင်းဖြစ်နေတာကြောင့် နိုင်ပွဲရသွားနိုင်ပါတယ်။

### အက်သလက်တီကို - လက်ပဲလ်မက်စ် ည ၉း၄၅ (၂၈-၁-၁၈)

အက်သလက်တီကိုဟာ လက်ရှိမှာ ဘာစီလိုနာကိုဖိအားပေးနိုင်ဖို့ ကြိုးပမ်းနေပြီး ခြေစွမ်းပိုင်းလည်းထက်မြက်ကောင်းမွန်နေပါတယ်။ လက်ပဲလ်မက်စ်ကတော့ ခြေစွမ်းပိုင်းဆိုးရွားနေဆဲဖြစ်ပြီး အထူးသဖြင့် ခံစစ်ပိုင်းက အမှားများနေတဲ့အသင်းဖြစ်တယ်။ အက်သလက်တီကိုရဲ့တိုက်စစ်မှာကစားသမားကောင်းတွေ အများအပြားရှိနေတာကြောင့် ဒီပွဲမှာ သွင်းဂိုးတွေ ရယူနိုင်ကြမှာပါ။ လက်ပဲလ်မက်စ်တို့အဝေးကွင်းဖြစ်နေလို့ ခုခံကစားနိုင်ဖို့ ခက်ခဲမှာဖြစ်ပြီး အက်သလက်တီကိုကသာ ဂိုးများများနဲ့နိုင်ပွဲရသွားမှာပါ။

### ဆီဗီလာ - ဂီတာဖေး နံနက် ၀၀း၀၀ (၂၉-၁-၁၈)

ဆီဗီလာဟာ စပိန်လာလီဂါပြိုင်ပွဲမှာ ခြေစွမ်းအတက်အကျ မတည်ငြိမ်ဘဲ တိုက်စစ်ပိုင်းထက်မြက်ပေမယ့် ခံစစ်ပိုင်းအမှားတွေကြောင့် နိုင်ပွဲရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ဂီတာဖေးကတော့ ဒီရာသီမှာ ခြေစွမ်းမာကျောနေတဲ့ အသင်းဖြစ်ပြီး တိုက်စစ်ကစားပုံလည်းကောင်းမွန်ပါတယ်။ ဆီဗီလာကတော့ အိမ်ကွင်းမှာ တိုက်စစ်အားပြုကစားလာဦးမှာဖြစ်ပေမယ့် ဂီတာဖေးရဲ့ တုံ့ပြန်အားကြောင့် သရေကျမယ်။

### ဘာစီလိုနာ - အလာဗက်စ် နံနက် ၂း၁၅ (၂၉-၁-၁၈)

ဘာစီလိုနာတို့ အိမ်ကွင်းနူးကမ့်မှာ ခြေစွမ်းကောင်းပြသလာဦးမှာပါ။ အလာဗက်စ်ကတော့အသင်းငယ်တစ်သင်းဖြစ်နေလို့ ခုခံကစားနိုင်ဖို့နဲ့တန်ပြန်တိုက်စစ်ကနေဂိုးရအောင်သာပြင်ဆင်လာမှာ သေချာပါတယ်။ ဒါပေမဲ့လည်း အဝေးကွင်းမှာ အလာဗက်စ်တို့ ဘာစီလိုနာ တိုက်စစ်ကို ပွဲချိန်အများအပြား ခုခံကစားဖို့ခက်ခဲနိုင်ပါတယ်။ အိမ်ကွင်းမှာဘာစီလိုနာဂိုးပြတ် အနိုင်ရသွားဖို့ရှိနေပါတယ်။

### ဆယ်တာဗီဂို - ဘက်တစ် နံနက် ၂း၃၀ (၃၀-၁-၁၈)

ဘက်တစ်ဟာ လတ်တလောခြေစွမ်းပိုင်းမှာ အကောင်းဆုံးပုံစံ ရရှိနေပြီး ရလဒ်ကောင်းတွေရရှိနေကာ အမှတ်ပေးဇယားအလယ်မှာ ရပ်တည်နိုင်နေတဲ့အသင်းဖြစ်တယ်။ ဆယ်တာဗီဂိုကလည်း ကစားသမားကောင်းတွေရှိနေပြီး တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တယ်။ ဒီပွဲမှာလည်းဆယ်တာဗီဂိုတို့အိမ်ကွင်းမှာ တိုက်စစ်အားပြုကစားလာဦးမှာဖြစ်လို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(စ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟုယူဆလျှင် ၎င်းတို့၏လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဆ) ဤပုဒ်မအရပြုလုပ်သည့် အကြောင်းကြားစာတစ်စောင်ကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းနေရာ သို့မဟုတ် ကုမ္ပဏီမှ မှတ်ပုံတင်အရာရှိထံသို့တင်ပြထားသည့် အီလက်ထရွန်နစ်နည်းအရ လိပ်မူပေးပို့ရမည် သို့မဟုတ် နိုင်ငံတစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အသိပေးကြေညာရမည် သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ပေးပို့ရမည်။ ဒါရိုက်တာ သို့မဟုတ် အရာရှိများအမည်နှင့်လိပ်စာကို မှတ်ပုံတင်အရာရှိက သိရှိထားခြင်းမရှိပါက ကုမ္ပဏီဖွဲ့စည်း တည်ထောင်ရန်အတွက် တင်သွင်းသည့် လျှောက်လွှာတွင် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးစီထံသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့်လိပ်စာများအတိုင်း အဆိုပါအကြောင်းကြားစာကို လိပ်မူပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၄၃၀၊ ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများ သို့မဟုတ် ဤဥပဒေအရ အပ်နှင်းထားသည့် အခြားသက်ဆိုင်သည့် အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အပိုင်း (၇)**

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြစ်မှုများ**

**အခန်း(၂၉)**

**တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့်**

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ**

**တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ**

၄၃၂။ ဤဥပဒေအရ စီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် ဖြစ်သည်။ သို့ရာတွင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ခရိုင်တရားရုံး တစ်ခုခုသို့ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ**

**ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်မရှိခြင်း**

၄၃၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၌ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ဖော်ပြထားစေကာမူ ဤဥပဒေပါပြစ်မှုအားလုံးသည် အဆိုပါကျင့်ထုံးဥပဒေ၏ ကိစ္စရပ်များအတွက် ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုများ ဖြစ်သည်ဟု မှတ်ယူရမည်။

**ကုန်ကျစရိတ်အတွက် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီသို့ အာမခံတင်သွင်းစေရန် ညွှန်ကြားနိုင်သည့် အခွင့်အာဏာ**

၄၃၄။ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် တရားလိုသော်လည်းကောင်း၊ လျှောက်ထားသူသော်လည်းကောင်း ဖြစ်ခဲ့လျှင် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် တရားပြိုင်က ခုခံချေပမှုများအောင်မြင်ခဲ့လျှင် ကုမ္ပဏီ၏ တရားရုံးကုန်ကျစရိတ်များကို ကုမ္ပဏီအနေဖြင့်ပေးချေနိုင်မည်မဟုတ်ကြောင်း ယုံကြည်ပါက အဆိုပါ ကုန်ကျစရိတ်များအတွက် ကုမ္ပဏီကို လုံလောက်သည့်အာမခံတစ်ရပ်ထားရှိစေနိုင်ပြီး ထိုအာမခံကို တင်သွင်းပြီးသည့်အချိန်ကာလအထိ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုအားလုံးကို ဆိုင်းငံ့ထားနိုင်သည်။

**အချို့သောမှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့် ပေးအပ်နိုင်သည့် အခွင့်အာဏာ**

၄၃၅။(က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်ခြင်း၊ သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်ခြင်းများအတွက် စွဲဆိုဆောင်ရွက်သည့် မှုခင်းကိစ္စရပ်များတွင် အဆိုပါကိစ္စရပ်များကို ကြားနာသည့်တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အားချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း၊ သို့သော် ၎င်းအားခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများ အတွက် ၎င်းအပေါ် မျှတစွာ စီရင်ဆောင်ရွက်သင့်ကြောင်းတွေ့ရှိရလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား၎င်း၏တာဝန်ရှိမှုမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းအပေါ်တွင် စွဲဆိုဆောင်ရွက်လျက်ရှိသည့် မှုခင်းတစ်ရပ်ရပ်ကိုပြုလုပ်မည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ထိုသူသည် သက်သာခွင့်အတွက် တရားရုံးသို့တင်ပြတောင်းခံနိုင်သည်။ အဆိုပါလျှောက်ထားမှုအား လက်ခံရရှိသည့်အခါ တရားရုံးသည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ထိုသူအပေါ် စွဲဆိုဆောင်ရွက်လျက်ရှိသည့် မှုခင်းကိစ္စရပ်များတွင် ဤပုဒ်မပါပြဋ္ဌာန်းချက်အရ ထိုသူအပေါ် သက်သာခွင့်ပြုနိုင်သည့်အတိုင်း အလားတူဆောင်ရွက်နိုင်သည့် အခွင့်အာဏာများရှိသည်။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကုမ္ပဏီ၏ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏အခြားအရာရှိများနှင့်

(၄) ကုမ္ပဏီ၏အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်များအဖြစ် ကုမ္ပဏီကခန့်အပ်ထားသည့်ပုဂ္ဂိုလ်များ။

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို မည်သို့ ပြုလုပ်ရခြင်း**

၄၃၆။ ဤဥပဒေနှင့်အညီ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုစစ်ဆေးဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်တွင် သတင်းအချက်အလက်များ၊ စွဲချက်များ၊ တိုင်တန်းချက်များ သို့မဟုတ် လျှောက်ထားမှုများကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) ကိုယ်တိုင်တွေ့ရှိဆောင်ရွက်ခြင်းဖြစ်စေ၊ လျှောက်ထားချက် သို့မဟုတ် တောင်းဆိုချက် တစ်ရပ်ရပ်အပေါ် ပြန်ကြားခြင်းဖြစ်စေ ဆောင်ရွက်မည့်မှတ်ပုံတင်အရာရှိ သို့မဟုတ်

(ခ) ပုဒ်မ ၄၃၅ တွင်ဖော်ပြပါရှိသော ဤဥပဒေကိုချိုးဖောက်မှုအတွက် ၎င်းအပေါ် တရားစွဲဆိုမှုပြုလုပ်နိုင်မည့် ဖမ်းဆီးရန် အကြောင်းပြချက်ရှိသူဖြစ်သည့် ဤဥပဒေအရ သက်သာခွင့်အတွက် လျှောက်ထားခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး  သို့မဟုတ်

(ဂ) တရားစွဲဆိုဆောင်ရွက်မှုပြုလုပ်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက စာဖြင့်ရေးသား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူတစ်ဦးဦး။

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် ကြားဝင်ဆောင်ရွက်နိုင်သည့် မှတ်ပုံတင်အရာရှိ၏အခွင့်အာဏာ**

၄၃၇။(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (က) တွင်ဖော်ပြပါရှိသည့် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် အဆိုပါတရားစွဲဆို စစ်ဆေးဆောင်ရွက်မှုတွင် အမှုသည်တစ်ဦးအဖြစ်ပါဝင်နိုင်ပြီး ဤဥပဒေနှင့်အညီ အမှုသည်တစ်ဦး၏အခွင့်အရေးများ၊ တာဝန်များနှင့် တာဝန်ရှိမှုများအားလုံးကို ရရှိသည်။

**ပြစ်မှုကြောင်းအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြုလုပ်ရမည့် အချိန်ကာလ**

၄၃၈။ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု စတင်သည့်နေ့မှ ခြောက်နှစ်အတွင်း တရားစွဲဆိုဆောင်ရွက်နိုင်သည်။

**ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အကြောင်းကြားခြင်း**

၄၃၉။(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု မှတ်ပုံတင်အရာရှိက ယုံကြည်ရန်အကြောင်းရှိလျှင် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးပြစ်ဒဏ်ကို အတိအလင်းသတ်မှတ်ဖော်ပြထားပါက ဤပုဒ်မတွင် “သတ်မှတ်ဖော်ပြထားသောပြစ်မှု”ဟု ခေါ်တွင်မည်။ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) နှင့်အညီ အဆိုပါပုဂ္ဂိုလ်ထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အား ပေးပို့နိုင်သည် -

(၁) သတ်မှတ်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ခဲ့ကြောင်းစွပ်စွဲခြင်းနှင့် ထိုပြစ်မှုနှင့် စပ်လျဉ်းသည့် သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များကိုဖော်ပြခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်ပတ်သက်၍ သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်ကိုဖော်ပြခြင်းနှင့်

(၃) အောက်ပါတို့ကို ဖော်ပြပါရှိစေခြင်း -

(ကက) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင်-

(၁) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် တာဝန်ရှိမှုသည် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်ထားသော ပြစ်ဒဏ်အတွက် ငွေပေးချေခြင်း ပြုပြီးသော်လည်း တာဝန်ရှိမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး ၂၁ ရက် ထက်ပိုသော ကာလတစ်ရပ်အတွင်း ထိုသူသည်သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက်အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေပြီး အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံအရေးယူ ဆောင်ရွက်ခြင်း မပြုကြောင်းနှင့်

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလကုန်ဆုံးသည်အထိ ထိုသူသည်သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုခဲ့လျှင် သို့မဟုတ် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခြင်း မပြုခဲ့လျှင် ၎င်းအပေါ် တရားစွဲဆိုဆောင်ရွက်မှုကို ပြုလုပ်နိုင်ကြောင်း သို့မဟုတ်

(ခခ) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ်မဟုတ်သော သတ်မှတ် ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး ၂၁ ရက် ထက်ပိုသောကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ထပ်မံအရေးယူဆောင်ရွက်ခြင်းမပြုကြောင်းနှင့်

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးသတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်း မပြုခဲ့လျှင် ၎င်းအပေါ် တရားစွဲဆိုဆောင်ရွက်မှုကို ပြုလုပ်နိုင်ကြောင်း။

(ခ) ပုဒ်မခွဲ (က) သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်းမရှိရ-

(၁) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်အား ပုဂ္ဂိုလ်တစ်ဦးက ကျူးလွန်ခဲ့ကြောင်း စွပ်စွဲသည့်ကိစ္စအတွက် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ တစ်စောင်ထက်ပိုမို၍ ထိုသူထံသို့ ပေးပို့ခြင်း သို့မဟုတ်

(၂) ပုဒ်မ ၄၃၈ ပါပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါပြစ်မှုအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆို ဆောင်ရွက်နိုင်ခြင်း မရှိလျှင် သတ်မှတ်ဖော်ပြထားသော ပြစ်မှုကို ပုဒ်မခွဲ (က) အရ ၎င်းထံ အကြောင်းကြားစာတစ်စောင်ပေးပို့ခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

# စာရင်းအင်းဥပဒေပြဋ္ဌာန်း

**စာရင်းအင်းဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို စာရင်းအင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစာရင်းအင်းစနစ်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ မူလ စာရင်းအင်း အချက်အလက်များကို ရည်ညွှန်းကိုးကား၍ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော စနစ်ကို ဆိုသည်။

(ခ) **အမျိုးသားစာရင်းအင်း**စနစ်တွင် ပါဝင်ပတ်သက်သူ ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ပညာရှင်၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ၊ ပုဂ္ဂလိက စီးပွားရေး အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **စာရင်းအင်း**ဆိုသည်မှာ အချက်အလက်များအား ကောက်ယူစုစည်းပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်သုံးသပ်ခြင်းစသည့် အချက်အလက်များဆိုင်ရာ သိပ္ပံပညာရပ်ကို အသုံးပြု၍ ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် ဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဆိုသည်။

(ဆ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ဗဟိုကော်မတီကို ဆိုသည်။

(ဇ) **ဗဟိုစာရင်းအင်းအဖွဲ့**ဆိုသည်မှာ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရသည့် အတွင်းရေးမှူးရုံးကိုဆိုသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အမျိုးသားစာရင်းအင်း အာဏာပိုင်အဖွဲ့လည်းဖြစ်သည်။

(ဈ) **စာရင်းအင်းဆိုင်ရာအကြီးအမှူး**ဆိုသည်မှာ အမျိုးသားစာရင်းအင်းဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်သည့် ဗဟိုကော်မတီ၏ အတွင်းရေးမှူးကို ဆိုသည်။

(ည) **တရားဝင်စာရင်းအင်း**ဆိုသည်မှာ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ စာရင်းအင်းဆိုင်ရာအချက်အလက်စုဆောင်းမှု လုပ်ငန်းစဉ်များမှ ပြုစုရရှိသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်။

(ဋ) **အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်း**ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် ရည်ရွယ်ထားခြင်း မဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ကောက်ယူစုစည်း ထိန်းသိမ်းထားသော အချက်အလက်မှတ်တမ်းကို ဆိုသည်။

(ဌ) **သန်းခေါင်စာရင်း**ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို အပြည့်အဝ ကောက်ယူထားသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ တရားဝင်ထုတ်ပြန်ထားသည့် စာရင်းကို ဆိုသည်။

(ဍ) **စစ်တမ်း**ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို ခန့်မှန်း သိရှိနိုင်ရေးအတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာစာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာအချက်အလက်ကို ဆိုသည်။

(ဎ) **မူလစာရင်းအင်းအချက်အလက်**ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက် ကောက်ယူစုဆောင်းမှုလုပ်ငန်းစဉ်များမှ တိုက်ရိုက် ကောက်ယူစုဆောင်းရရှိသော တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်းကိုးကားမည့် အချက်အလက်ကို ဆိုသည်။

(ဏ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် လက်ခံရရှိထားသည့် အချက်အလက်သည် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်နှင့်သာ သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုခွင့် မရှိသော စာရင်းအင်းအချက်အလက်ကို ဆိုသည်။

(တ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို အသုံးပြုရေးအတွက် ပြုစုဆောင်ရွက်သည့် လုပ်ငန်းရပ်များ၊ ပေါင်းစပ်ညှိနှိုင်းရသည့် လုပ်ငန်းရပ်များကို ဆိုသည်။

(ထ) **စာရင်းအင်းဆိုင်ရာအချက်အလက်**ဆိုသည်မှာ တရားဝင်စာရင်းအင်း ပြုစုထုတ်ပြန်ရန် ကောက်ယူစုဆောင်းရရှိထားသည့် ကိန်းဂဏန်းအချက်အလက်ကိုဆိုသည်။

(ဒ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း**ဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျပြည့်စုံမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဓ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရန် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ စာရင်းအင်း အချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်းကိန်းများ တွက်ချက်တိုင်းတာခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ ပုံနှိပ် ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်သက်ဆိုင်သည့် တာဝန်ယူဆောင်ရွက်မှုများကို ဆိုသည်။

(န) **မေးခွန်းဖြေကြားသူ**ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကို ကိုယ်စားပြုဖြေကြားဆောင်ရွက်သူကိုသော်လည်းကောင်း ဆိုသည်။

(ပ) **စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ**ဆိုသည်မှာ မူလစာရင်းအင်းအချက်အလက်ကို ဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တရားဝင်စာရင်းအင်းကို ဖြစ်စေ ထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဖ) **စာရင်းအင်းအချက်အလက် ထုတ်ပြန်ခြင်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်နှင့် သက်ဆိုင်ခြင်းမရှိသော မူလစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တရားဝင် စာရင်းအင်းကိုဖြစ်စေ သုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်စေရန်၊

(ခ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်နှင့် လွယ်ကူချောမွေ့စေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူတို့အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်။

**အခန်း (၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိသူ၊ ဒုတိယဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဆင့်ရှိသူ စာရင်းအင်းအချက်အလက်နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ | အဖွဲ့ဝင်များ |
| (၄) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင်များ |
| (၅) | စာရင်းအင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် နှစ်ဦး | အဖွဲ့ဝင်များ |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**
**ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ဗဟိုကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းအင်းဆိုင်ရာမူဝါဒနှင့် အခြေခံစည်းမျဉ်းများ ချမှတ်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ ချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုများပေးခြင်း၊

(ဂ) အရည်အသွေးပြည့်ဝ၍ ယုံကြည်စိတ်ချရသော အမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ အဆင့်ဆင့်အား လမ်းညွှန်မှုပေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) စာရင်းအင်းဆိုင်ရာအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေး ပြည့်ဝရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ကိုယ်စားလှယ်များပါဝင်သော စာရင်းအင်းလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) နိုင်ငံတော်မှ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာအချက်အလက်များကို အချိန်မီပေးပို့ရန် သက်ဆိုင်ရာသို့ ညွှန်ကြားခြင်း၊

(ဈ) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ည) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်စာရင်းအင်းဆိုင်ရာအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးကော်မတီအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်း အစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်း စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့် အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်ခြင်း၊

(င) မူလစာရင်းအင်းအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာစစ်တမ်းများ ကောက်ယူရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့အား တာဝန်ပေးအပ်ခြင်း။

၇။ ဗဟိုကော်မတီ အစည်းအဝေးကို အနည်းဆုံး သုံးလတစ်ကြိမ်ကျင်းပရမည်။

၈။ ဗဟိုကော်မတီသည် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူထံမှ ယင်းတို့ ကြီးကြပ်ဆောင်ရွက်သည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဗဟိုစာရင်းအင်းအဖွဲ့သို့ လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ စာရင်းအင်းဆိုင်ရာ လက်ရှိဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသအဆင့်ဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာရင်းအင်းဆိုင်ရာ အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများကို ဗဟိုကော်မတီက ခွင့်ပြုနိုင်သည်။

**အခန်း(၅)**
**စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များ**

၁၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သောနှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းဆိုင်ရာ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် စာရင်းအင်းဆိုင်ရာကိစ္စရပ်တွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ဦးဆောင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ပျားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး



**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပျားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ ဉယျာမြို့သစ် သမိန်ဗရမ်းလမ်းရှိ ပျားလုပ်ငန်းဌာနတွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်ဧည့်သည်တော်များက ပျားရည်နှင့်ပျားထွက်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုရာ ပျားလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဦးက ပျားမွေးမြူရေးလုပ်ငန်းအကြောင်း ရှင်းလင်းပြသသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပျားလုပ်ငန်းဦးစီးဌာနဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ပုဂ္ဂလိကပျားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဌာနပိုင်မွေးမြူထားသောပျားအုံ ၆၀၀၊ ပုဂ္ဂလိက ၆၆ ဦးကမွေးမြူထားရှိသည့်ပျားအုံ ၇၁၁၀ အုံ စုစုပေါင်းမွေးမြူထားသောပျားအုံ ၇၇၁၀ ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## စာကြည့်တိုက်နှင့်သာသနာတော်ဆိုင်ရာသင်တန်းများ နှစ်ပတ်လည်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်အလှူအသင်းကြီး၏ (၉၂) နှစ်မြောက်နေ့တွင် စာကြည့်တိုက်နှင့် သင်တန်းများတည်ထောင်သည့် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် (၇၇/၇၉)၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်အကျိုးတော်ဆောင်ချုပ် ဦးစိန်မြို့က စာကြည့်တိုက်နှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို လျှောက်ထားကာ အသင်းကြီး၏ ဩဝါဒါစရိယ စာကြည့်တိုက်နာယက ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်) ထံမှ ဩဝါဒခံယူကြသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ်အတွင်း စာအုပ်စာပေနှင့် ပရိဘောဂ လှူဒါန်းကြသည့် စာကြည့်တိုက် အလှူရှင်များ၊ ရန်ကုန်ဆန်အလှူအသင်းကြီးက ကျင်းပသော အဘိဓမ္မာစာမေးပွဲအောင်မြင်သူများ၊ သင်တန်းဆရာများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

## စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

**လောင်းလုံး ဇန်နဝါရီ ၂၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ထုတ်ကုန်/သွင်းကုန် တာဝန်ခံ ဦးဇော်မင်းလတ်က အစားအသောက်နှင့် ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အချက်အလက်များ စသည့် အကြောင်းအရာများကို ဟောပြောရာ ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်ကြောင်းသိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

**လှိုင်ကော် ဇန်နဝါရီ ၂၃**

အသက် (၆) လမှ (၃) နှစ်အရွယ် ကလေးပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက လှိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အသက် (၆)လမှ (၃)နှစ်အရွယ် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်၍ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ဆရာမများ စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဆရာမများအနေဖြင့် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာများကို လေ့လာသင်ယူပြီး မိမိရပ်ရွာသို့ ပြန်လည်ရောက်ရှိသည့်အခါ လက်တွေ့အသုံးချနိုင်ရန်အတွက် သင်တန်းမှ ပို့ချပေးသော ဘာသာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကာ ရရှိလာသော အတွေ့အကြုံများကို အချင်းချင်း ဆွေးနွေးခြင်းဖြင့် ကလေးများ၏ ကောင်းမွန်သော အနာဂတ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲသို့ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စိတ်ပါဝင်စားသူ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Vision တို့ ပူးပေါင်း၍ ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားပေးမည့် ဆရာမများ အရည်အချင်း ပိုမိုတိုးတက်လာစေရန်၊ ကလေးပြုစုစောင့်ရှောက်သူ ဆရာဆရာမများ ကလေးဖွံ့ဖြိုးရေးကို အထောက်အကူပြုသော မှန်ကန်သည့် လေ့ကျင့်ပြုစုပျိုးထောင်နည်းများဖြင့် လက်တွေ့ပြုစုပျိုးထောင် ပေးနိုင်စေရန်နှင့် ကလေးသူငယ် အခွင့်အရေးများအား ကလေးတိုင်းစနစ်တကျ မှန်ကန်စွာ ရရှိနိုင်ရေး ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကလေးစာပေပွဲတော်ကို သန်လျင်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းခြာ အဖိုးတန်ရတနာကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်နှင့် ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များ မြင့်မားလာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး ကလေးများ၏ စာဖတ်ခြင်းနှင့် ဖန်တီးပေးရန် ရည်ရွယ်ချက်တို့ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲများနှင့်အတူ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(သန်လျင်)**

## တောင်သူများက မိုးစပါးချေးငွေပြန်လည်ပေးဆပ်

**ရေး ဇန်နဝါရီ ၂၃**

ရေးမြို့နယ် ၂၀၁၇ ခုနှစ် မိုးစပါးချေးငွေကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၂၄ အုပ်စု၊တောင်သူဦးရေ ၁၈၉၉ ဦးနှင့် စိုက်ပျိုးဧက ၉၉၆၉ ဧကသို့ ၁၄၉၅၃ ဒသမ ၅၀ သန်းထုတ်ချေးခဲ့ပြီး ရေးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ယနေ့ထုတ်ချေးငွေများ ပြန်လည်ကောက်ယူသည့်ငွေပေါင်း ၉၅၇၂ ဒသမ ၅၀ သိန်းရရှိပြီး ၆၄ ဒသမ ၀၂ ရာခိုင်နှုန်းအထိ တောင်သူများ ပြန်လည်ပေးဆပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မူးယစ်အသိပညာပေး ဟောပြောပွဲများ ကျင်းပ

**ပုဇွန်တောင်**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် ပုဇွန်တောင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်စိုးဝဏ္ဏက လူကုန်ကူးမှု အသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ခဲ့သည်။

**မိုးယံကျ(မြစ်ကြီးနား)**

**လှိုင်သာယာ**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ သိရိဇေယျာဓမ္မာရုံကြီး၌ ဇန်နဝါရီ ၁၉ ရက် ည ၆ နာရီခွဲက လင်းယုန် အထူးစီမံချက်အရ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအောင်မြတ်စိုးနှင့် တပ်ဖွဲ့ဝင်များက ဒေသခံ ပြည်သူ ၃၀၀ ခန့်အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

**စိုင်းလင်းဇော်(လှိုင်သာယာ)**

## သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး ပင်လယ်ကျွန်းများအပေါ် စုပေါင်းအမှိုက်ကောက်

**ကော့သောင်း ဇန်နဝါရီ ၂၃**

ယနေ့ကမ္ဘာနှင့်အဝှမ်း နေရာဒေသတိုင်းတွင် ပင်လယ်အတွင်းသို့ အမှိုက်စွန့်ပစ်မှု ဖြစ်စဉ်များကြောင့် သဘာဝပတ်ဝန်းကျင် တဖြည်းဖြည်း ညစ်ညမ်းလာမှုနှင့်အတူ ဂေဟစနစ်များပျက်ယွင်းကာ ရေနေသတ္တဝါများ သေကျေပျက်စီး ရှားပါးလာနေပြီဖြစ်ရာ သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးစပြုလာနေပြီဖြစ်သည့် ကော့သောင်းဒေသအတွင်းရှိ ပြည်သူများ ပင်လယ်တွင်း အမှိုက်စွန့်ပစ်မှု လျော့နည်းကျဆင်းရေး ပညာပေးလှုပ်ရှားမှုအသွင်ဖြင့် ဇန်နဝါရီ ၂၁ရက် မွန်းလွဲပိုင်းက မြို့ခံ ပညာရေး၊ ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားဌာနများမှ ဝန်ထမ်းများ၊ မိသားစုဝင်များက ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ရာ အက်ဒမန်ပင်လယ်အတွင်းရှိ မြင်းခွာကျွန်း၊ စေတန်ကျွန်း၊ အသည်းပုံကျွန်းနှင့် ဇာဒက်ကြီးကျွန်းများ ပင်လယ်ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။



အဆိုပါပညာပေးအမှိုက်ကောက်အစီအစဉ်အား ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧည့်လမ်းညွှန် ဦးကျော်ဟန်၏ စီစဉ်မှု၊ New Bee Travel Co.,Ltd၊ Grand Andaman Travel Co.,Ltd၊ မိုးထိပ်ထားခရီးသွားလုပ်ငန်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ မြို့ခံပြည်သူများ အားလပ်ရက်အတွင်း မိမိဒေသ၏ သာယာလှပသည့် ပင်လယ်ကျွန်း သဘာဝအလှအပများအားအပန်းဖြေခံစားနိုင်ကြရေး၊ ခရီးသွားလုပ်ငန်းအားစိတ်ပါဝင်စားလာရေးနှင့် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းတန်ဖိုးထားတတ်လာရေး ရည်ရွယ်ကာ ယခုကဲ့သို့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တစ်နိုင်ငံလုံးတွင် "ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် ကျပ်ငွေ (၂၈,၀၄၂.၂၅)သန်းဖြင့် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအပြင် ကြိုတင်ခွန်များနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း အပြင် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျအတုယူဖွယ်ရာ ရှေ့ဆောင် စံနမူနာပြု ပြသပေးခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"** သည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပြီး ဖောင်ဒေးရှင်းစတင်တည်ထောင်သည့် (၂၀၀၈)ခုနှစ်မှ (၂၀၁၇)ခုနှစ်အထိ (၉)နှစ် ကာလအတွင်း လူမှုအကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်နှင့်ပြည်သူအတွက် ကျပ်ငွေ(၁၃၈)ဘီလီယံကျော် လှူဒါန်း ခဲ့ခြင်း၊

နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက် အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများ အတွက် **"မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)"** နာယက၊ **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အမြဲထာဝရအားကိုး အားထားရသော အောင်မြင်သည့်ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်မှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာဖြင့် အခွန်စည်းကြပ်နှစ်အလိုက်

– ၂၀၁၁–၂၀၁၂ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၆,၀၁၅.၃၉၇ သန်း
– ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၁၀,၈၂၇.၇၀ သန်း
– ၂၀၁၃–၂၀၁၄ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၁၇,၀၁၀.၃၇ သန်း
– ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၂,၀၁၃.၆၁ သန်း
– ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၃,၁၅၅.၈၂ သန်း
– ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၈,၀၄၂.၂၅ သန်း တို့ဖြင့်

တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအပြင် ကြိုတင်ခွန်များနှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်း၊

နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက်အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများ အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အားကိုး အားထားရသော အောင်မြင်သည့်ထိပ်တန်း ဘဏ်ကြီးအဖြစ် ထာဝရရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘဏ်များအသင်း

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **"မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း" ၏ နာယက၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA)

## တစ်နိုင်ငံလုံးတွင် "ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆, ၀၁၅. ၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀, ၈၂၇. ၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇, ၀၆၂. ၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂, ၀၁၄. ၉၄ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၃, ၁၅၅. ၈၂ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ | ၂၈, ၀၄၂. ၂၅ သန်း | ပထမ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းအပြင် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" သည်လည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၂၀၀၈)ခုနှစ်မှ (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်း (၁၃၈)ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ၏ နာယက"**၊ **"ကမ္ဘောဇဘဏ်လီမိတက်–ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ မြန်မာပြည်သူပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် အမြဲထာဝရရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# အခွန်တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများသို့ ကျေးဇူးတင်လွှာ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်သည့် မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များ၏စာရင်းကို ထုတ်ပြန်ခဲ့ပြီး ယင်းတို့အနက် အခွန်အများဆုံး ပေးဆောင်သူ ၅၀ ဦး၏ စာရင်းအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ဘဏ္ဍာငွေအတွက် အခွန်တာဝန်ကျေပွန်ခဲ့သော ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခွန်ထမ်း ပြည်သူများအားလုံးအား ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အထူး လှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်ပြီး နောင်လာမည့်နှစ်များတွင်လည်း အခွန်တာဝန် ဆက်လက်ကျေပွန်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ရန်ပြေ(၁၁)လမ်း၊ မြေကွက်အမှတ်(၁၇၀/ခ)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၅/ခ)၊ (၅)ထပ်ခွဲတိုက်မှ စတုတ္ထထပ် (၅)လွှာတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းမင်း[၁၂/ရကန(နိုင်)၀၅၉၁၀၉]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ၁၇-၁-၂၀၁၈ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးစုလှိုင်[၁၂/ရကန(နိုင်)၀၆၆၆၁၀]**
**အမှတ်(၁၀)၊ ရန်ပြေ(၁၁)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃F²၊ မြေကွက်အမှတ်(၄၅)၊ (တတိယတန်းစား) မြေပိုင်မြေကွက်ပေါ်ရှိ ၉-ရပ်ကွက်၊ လမ်း-၄၀၊ အမှတ်-၂၀၆ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံတွင် နေထိုင်သူများနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၁၁၀၄ (ဗိုလ်မြတ်ထွန်းတာဝါ)၊ ၁၁-လွှာ၊ အခန်းအမှတ်-၄ နေ ဦးဝင်းအောင်[၁၂/ကတတ(နိုင်)၀၂၄၃၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃F²၊ မြေကွက်အမှတ်(၄၅)၊ (တတိယတန်းစား)၊ မြေပိုင်မြေကွက်ပေါ်ရှိ ကျောက်တံတားမြို့နယ်၊ ၉-ရပ်ကွက်၊ လမ်း-၄၀၊ အမှတ်-၂၀၆ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၃၅/၂၀၁၃)အမှုတွင်ချမှတ်သည့် ၉-၄-၂၀၁၄ ရက်စွဲပါ စီရင်ချက်၊ အမိန့်ဒီကရီအရ လက်ရှိထား စီမံဆောင်ရွက်လျက်ရှိသော ပစ္စည်းဖြစ်ပါသည်။

အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံတွင် နေထိုင်လျက်ရှိကြသော နေထိုင်သူများနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်က တွေ့ဆုံလိုပါသည်။ ၃၁-၁-၂၀၁၈ရက် နောက်ဆုံးထားပြီး မိမိတို့၏အခန်းနှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သက်ထားဖွန်** — **ဦးအုန်းမောင်(ရန်ကင်း)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၇၀)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၁၈)**
**အမှတ်(၁၂၇)၊ လူငယ်သစ္စာလမ်း၊ ၁၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၃၈၃၂၅၇**

## "အများသိစေရန်ကြေညာချက်"

[illegible]

**LL.B, D.B.L, D.I.L.**

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၄၃၁၊ မြေကွက်တည်နေရာအမှတ်(၄၃၁)၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးရွှေကျီး(SDG-၀၅၄၇၃၀)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးရွှေကျီးထံမှ အရပ်စာချုပ်ဖြင့် ဦးခင်စိုး[၁၂/မရက(နိုင်)၁၀၄၆၀၇]မှ ၁၀-၁၁-၂၀၁၄ရက်တွင် ဝယ်ယူခဲ့ပါသည်။ ဦးခင်စိုးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၇၄၇၂ (၉-၁၀-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်စန်းတင့်[၁၄/ကလန(နိုင်)၀၀၃၅၄၂]မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၀-၁၁-၉၃ ရက်တွင် ချထားပေးသော ပါမစ်မူရင်း (ဓာတ်ပုံမှတ်တမ်းမပါရှိ) ပါမစ်မပြည့်စုံ၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ GP ပါဝါပေးသူသက်ရှိထင်ရှားကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိရှေ့၌ ကျမ်းကျိန်ဆိုခဲ့သော ကျမ်းကျိန်လွှာအမှတ် ၅-၁၆၃၀/၂၀၁၇ ၂၄-၅-၂၀၁၇ရက်တို့တင်ပြ၍ ပါမစ်မပြည့်စုံဖြင့် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာတွင် ပေ(၄၀×၆၀)ရှိပြီး ကိုယ်တိုင်မနေ ကျောက်တိုင်ဆူးကြိုး ကာရံထားပါသည်။ သို့ပါ၍ ဒေါ်စန်းတင့်မှ ပါမစ်မူရင်း (ဓာတ်ပုံမှတ်တမ်းမပါ)၊ ပါမစ်မပြည့်စုံတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။


**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၉/က+၃၉၇တက်ခမ်း၊ မြေကွက်အမှတ် -၁၁၅/J၊ ဧရိယာ(၀.၂၇) ဧက မြေကွက်တည်နေရာ အမှတ်-၃၈၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ် (ဦးဆန်းအောင်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဆန်းအောင် [၇/ပတန(နိုင်)၀၄၉၀၁၂]သည်၇-၁-၂၀၁၇ ရက် ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးလွင် [၇/ပတန (နိုင်)၀၀၃၀၈၀]မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ မြေငှားဂရန်တင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**





"ဝိစာတာ ဓမ္မနေ့မင်္ဂလာ၊ ဆာစရိယပူဇော်ပွဲမင်္ဂလာနှင့် ဓမ္မဗ္ဗုဒ္ဓဓာန် နှစ်သယ်ကျောင်းဆောင် ရေစက်ချမင်္ဂလာ ဖိတ်ကြားခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ ကားပါလမ်းနှင့် အေးရိပ်မွန်လမ်း ထောင့်ရှိ သာသနာ့ရတနာကျောင်းတိုက်၏ "ပဓာနနာယက ဆရာတော်ကြီး၊ ဘဒ္ဒန္တကောသီလ္လာစာရ" ဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့် ဝိစာတာ ဓမ္မနေ့မင်္ဂလာ၊ ဆာစရိယပူဇော်ပွဲမင်္ဂလာ နှင့် ဓမ္မဗ္ဗုဒ္ဓဓာန်နှစ်ထပ်ကျောင်းဆောင် ရေစက်ချမင်္ဂလာအခမ်းအနားကို "(၂၈.၁.၂၀၁၈)တနင်္ဂနွေနေ့" တွင် အချိန် နံနက် (၇.၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူ၊ တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများအား အတူတကွ ကုသိုလ်ပြုနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ။ (လှိုင်မြို့နယ်)

## (၃၈)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ပါပါး **ဦးတင်အေး** (မင်္ဂလာသောင်းပုံနှိပ်တိုက်-ပဲခူး)နှင့် မာမား **ဒေါ်မြင့်မြင့်ဦး** တို့၏ ၂၄-၁-၂၀၁၈ရက်တွင် ကျရောက်သော (၃၈)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် မင်္ဂလာသက်တမ်း စိန်ရတုတိုင်အောင် လောကီလောကုတ္တရာအကျိုး သယ်ပိုးဆောင်ရွက် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်လှစွာဖြင့်သားသမီးများ-**

**Dr.နေထွဋ်ကိုကို-မဟန်နီမောင်မောင်**

**Dr. ဗညားလတ်-Dr. ဇာခြည်တင်အေး**

**မြေး - Almond ၊ သဲသဲတုန်**

**Dr. ဟိန်းသူညီညီ-Dr. ဝင့်ဝါ**

**Dr. နေဝန်းကျော်ကျော်**

ယာမင်းသူ
09 5174914, 09 5136421

ကားနိုးစုံ
Ph: 09795549249, 095418128
09-795546884

မြင့်မိုရ် CAR RENTAL
ALPHARD, HIACE
09-5191361, 09-765191361

A.1 Education Centre
၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် မင်္ဂလာဒုံ-ဖွင့်မည်။
Ph : 09 5125882, 09 252210320, 09 451808977

## ရောင်းမည်

ဒဂုံမြို့သစ်၊ ဗိုလ်မှူးဗထူးလမ်းမကြီးပေါ်၊ အိမ်နှင့် စတိုးဆိုင်တွဲလျက်၊ RC နှစ်ထပ်၊ မီတာ(၂)လုံး၊ ရေ(၂)မျိုး၊ ၄၀'x၆၀' ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

**Ph:09-403996930, 09-791629909**

သာလွန်ကျော်
အိမ်၊ခြံ၊မြေ ရောင်းဝယ်ရေး
Ph: 09-420780797
09-254285314

## ရောင်းမည်/ငှားမည်

စီးပွားရေးလုပ်ငန်းကြီးများ(Hotel, Condo, School Hospital, အစရှိသည့် လုပ်ငန်းများ)

လုပ်ကိုင်ရန် အထူးသင့်တော်သော အချက်အချာကျ လေးထောင့်ကန်လမ်းမကြီးပေါ် (Super One, ILBC အနီး) ဘိုးဘွားပိုင်မြေ၊ ၁.၅ ဧက၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

(ငှားရမ်းခြင်းလက်ခံပါသည်။)

**ဖုန်း-၀၉-၉၆၄၇၇၈၂၉၉**

STUDY ABROAD Information Centre

**Yangon Office**
Diamond Condo, Tower B, 15th Floor, Room 1502, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**
No. 326, 62nd Street, Between: (29th x 30th) Street, Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

# GLOBAL WORKFORCE SEMINAR

**Guest Speaker - Dr. Adrian Bradshaw**

Register @ (09) 5151 008, (09) 4200 99997



**Yangon**
Date : 27 Jan 2018 (Sat)
Time : 10:00 AM - 11:30 AM
Venue : Novotel Hotel (Eureka Room)

**Mandalay**
Date : 28 Jan 2018 (Sun)
Time : 10:00 AM - 11:30 AM
Venue : STUDY ABROAD Mandalay Office

JAMES COOK UNIVERSITY SINGAPORE


သီဟလင်း
(10',14',16',18',22') 
01-570307
09-5112729
09-5126394

SEVEN စံ
09-33 333 511
09-33 333 514
09-33 333 644

# GDC Modern Co.,Ltd.

## Aluminium window,Door product & Services











၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် စက်ကိရိယာကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ ထုတ်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။

ဆက်သွယ်ရန်- အမှတ်(၁၃၂)၊ ရွှေဂုံတိုင်တာဝါ၊ အရှေ့ရွှေဂုံတိုင်လမ်း(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

- အကောင်းဆုံးအရည်အသွေး၊ လေလုံမှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေစွာ တွက်ချေကိုက်စေမည့်

Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

09442140334, 09784217677

**"ခိုင်းနွန်ဇနာဒ်" ကုမ္ပဏီ**
01- 8604440
01- 8604442
09 7310 4200
09 730 95285

| | | | |
|---|---|---|---|
| အလုံ Golden Rose Condo | (2512sqft) | Lift | 1sqft 2L |
| University Paradise Condo | (2600sqft) | Lift | 3800L |
| 2M,1BR | (1600sqft) | Lift | 3000L |
| Grand 2M,1BR | (1780sqft) | Lift | 2800L |
| 1M,2BR,4A/C | (1250sqft) | Lift | 2500L |
| 1M,2BR,5A/C | (1450sqft) | Lift | 2400L |
| Jewel Residence,1M,3BR | (1350sqft) | Lift | 1900L |
| Diamond Condo,1M,1BR | (1050sqft) | Lift | 1800L |
| Junction Zawana Condo | (1200sqft) | Lift | 1500L |
| Gems Condo,1M,1BR,F.F | (900sqft) | Lift | US 1300 |
| 1M,2BR,F.F | (1200sqft) | 2F | US 1000 |
| Shwe Zabu River View Condo | (2165sqft) | Lift | 20L |
| Hall | (24×58) | | 17L |
| Hall | (36×50) | | 17L |
| F.F | (1650sqft) | Lift | 15L |

အမြန်ငှားရိုသည် (GLGD Agency)
၁။ Crystal Residence နှင့် မဟာဗန္ဓုလပန်းခြံ
ph:09799541265/09263202240

Jan 26, Feb 2, 9, 16, 23, 28, Mar 1, 2, 16, 23, 30

**N-WINNER Co.,Ltd**
"အမြန်ငှားစည်"
Ph:09450073838, 09783233356-57, 09254418033

| | | | | |
|---|---|---|---|---|
| | (80'x90') | 5M | 2½RC | $ 5100 |
| | (60'x80') | 3M | 2RC | 45L |
| | (90'x90') | 4M,2BR | 2RC | 32 L |
| | (50'x90') | 4M,F.F | 2RC | 28 L |
| | (90'x90') | 2M | 2RC | 14 L |
| | (20'x60') | | 2BN | 13L |
| | (40'x60') | 2M, 1BR | 1RC | 11 L |
| | (20'x60') | 1M, 2BR | 2RC | 5 L |
| Condo | (22' x67') | 1M,1BR | | 10 L |
| Delta Plaza | (1620sqft) | 2M,1BR | | 9L |
| Condo | (1300sqft) | 2M,1BR | | 8 L |
| | (25'x60') | 1M,1BR | 1F | 4L |

ဧရာဝတီနဝ
33000
33000
40000
35000
50000
Package
Ph : 09 426223390, 09 426223380

| | |
|---|---|
| | 40000 |
| | 45000 |
| | 45000 |
| | 55000 |
| | 90000 |
| | 65000 |
| | 120000 |

09-420420761, 09-420420762, 09-420420763

**Myanmar Classic Group Co.,Ltd.**

**Air Conditioning Training**

**(Basic Course)**

- Professional
- Air-Con
- On Job Training နှင့် Practical

(12)
5.2.2018
(2) လ
(Theory+Practical)
(On Job Training)

**AMERICAN COLLEGE PROGRAM**

(Awarded by ACT, USA)

**ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း**

၁။ ACT (American College Test) သည် CROWN Education နှင့် Royal Academic Institute (မြန်မာ) American College Program CROWN Education နှင့် Royal Academic Institute

၂။ Business, Engineering, Psychology, Social Science, Computing

၃။ Independent Learning, Problem Solving, Critical Thinking & Analysis, Research Skills IELTS နှင့် ACT (SAT)

၄။ GCE 'A', IB Common Application / UCAS 30%, 50%, 80%

လျှောက်ထားသူသည် -

- IGCSE, GCE 'O' Grade (10 / 11)
- ACT English Level Test

GPA

KANBAWZA Tower,

ဓမ္မဇေယျ

09-258022220
09-250499979
09-73209992
09-254449533

ဝိနည်းလုံး




ESCAPE FROM EVERYDAY LIFE

NEW MOTION TRAVELS & TOURS

09-73117723/4, 09-260792883/5
09-73148933/44/55/66

England April 10 - 20 (Cardiff-Windsor-Brighton-London-Manchester-Stratford)

Russia April 12 - 19 (Moscow-St. Petersburg)

America April 07 - 19 (San Fran-LA-Las Vegas-Niagara-Washington DC-New York)

Australia April 10 - 20 (Melbourne-Sydney-Gold Coast-Brisbane)

Europe April 10 - 17 (Netherlands, Belgium, Luxembourg, France)

Europe April 10 - 20 (France, Switzerland, Italy)

Europe April 11 - 19 (Portugal, Spain)

Europe April 13 - 21 (Athen, Kalambaka, Zakynthos, Santorini)

ပန်းလှိုင် - 09-764481447, 09-421008185, 09-776356574

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

Ph:09 450024419
09 790629747

အောင်မေတ္တာ Ph - 09-443745708, 09-443745709, 09-443745710

ရခိုင်ပြည်ဘုရားဖူးခရီး
150000/ 02-02-2018 220000/
Ph:09448003431,0949660481

ကိုသန့်ဇင် CAR RENTAL
09-43117680, 09-5059821

ဒေါက်တာဇော်ဦး
Ph: 09 252 210 320

ပါကေးအခင်းတိုး ကြမ်းခင်း
Home

* Grade A,B,C only *
MIRROR (* Stock Limit)
T&G SKIRTING
LATEST ACCESSORIES
09-79 700 70 71
09-79 700 70 81

2018 ဆေးဝါးပိတ်ဆက် နှင့် အသုံးများဆေးဝါးလမ်းညွှန်

ထွက်ပြီ

PUN HLAING SILOAM HOSPITALS
Only JCIA Hospital in Myanmar
မွန်ဖြောင်းမြိုင် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
ဇန်နဝါရီလ (၂၆) ရက်မှ (၂၈) ရက်

သင့်လုပ်ငန်းအတွက် အကောင်းဆုံး လမ်းညွှန်
YOUR INDUSTRY DIRECTORY


YANGON - Tel: 09-448001662, 01-2373254, 01-245358 Ext: 810-819
Email: ydg.adv@mmrdpub.com
MANDALAY - Hot Line: 02-69956 Phone: 09-91012149, 09-91012150, 09-91012152
Email: mdg.adv@mmrdpub.com
2018-19

## ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီးဖြစ်လာမည့်
## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကိုလက်လီလက်ကားရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီ၊ လူ့ဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသား

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရာတွင် စာရင်းနှင့်တိုက်ဆိုင် စိစစ်ပြီး အကြမ်းဖက်သမားများပါလာပါက လိုအပ်သည့်အရေးယူမှုများ ဆောင်ရွက်သွားမည်



**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။ **(ဝဲပုံ)**

တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်တို့ တက်ရောက်ကာ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**

